ミャンマー語

J01

# 部屋探しのガイドブック



日本語



M01

# အခန်းရှာခြင်းလမ်းညွှန်စာအုပ်




မြန်မာဘာသာ

# J02

## 目次


**1** 部屋探しから入居まで **J03**

1 部屋を借りるときの手続き・契約の流れ **J03**

2 必要な書類と費用 **J08**

3 入居の手続き **J09**

4 入居後の住まい方のルール **J10**

5 引越し（退去）の手続き **J14**

6 部屋を借りるときに知っておきたい不動産用語 **J16**

**2** 部屋を借りるときに役立つ情報 **J19**

**3** 希望条件チェックシート **J21**


※**太い文字に下線**がある用語は「6 部屋を借りるときに知っておきたい不動産用語」の説明を読んでください。



# M02

## မာတိကာ


**1** အခန်းရှာခြင်းမှနေထိုင်ခြင်းအထိ **M03**

1 အခန်းငှားရမ်းချိန်တွင်လုပ်ဆောင်ရမည့်လုပ်ထုံးလုပ်နည်း၊ စာချုပ်ချုပ်ခြင်းလုပ်ငန်းစဉ်များ **M03**

2 လိုအပ်သောစာရွက်စာတမ်းများနှင့်ကုန်ကျစားရိတ် **M08**

3 နေထိုင်ခြင်း၏လုပ်ထုံးလုပ်နည်းများ **M09**

4 နေထိုင်ပြီးနောက်နေထိုင်မှုပုံစံစည်းမျဉ်းစည်းကမ်းများ **M10**

5 အိမ်ပြောင်းရွှေ့ခြင်း(ထွက်ခွာခြင်း)၏လုပ်ထုံးလုပ်နည်းများ **M14**

6 အခန်းငှားရမ်းသည့်အချိန်တွင်သိထားသင့်သည့်အိမ်ခြံမြေသုံးအခေါ်အဝေါ်များ **M16**

**2** အခန်းငှားသည့်အချိန်တွင်အသုံးဝင်စေမည့်သတင်းအချက်အလက်များ **M19**

**3** လိုချင်သည့်အခြေနေများစစ်ဆေးခြင်းစာရွက် **M21**

**4** နေထိုင်မှုစစ်ဆေးရန်လိုအပ်သည့်စာရွက်စာတမ်းများစစ်ဆေးခြင်းစာရွက် **M23**

**5** နေထိုင်မှုကတိစစ်ဆေးခြင်းစာရွက် **M24**


* **စကားလုံးအထူတွင်မျဉ်းသား**ထားသောအခေါ်အဝေါ်များသည် 「6 နံပါတ် ၆ရှိ အခန်းငှားသည့်အချိန်တွင်သိထားသင့်သည့် အိမ်ခြံမြေအကျိုးတော်ဆောင်သုံးအခေါ်အဝေါ်များ」 ၏ရှင်းပြချက်ကိုဖတ်ပေးပါ။

Japanese

# J03

## 1 部屋探しから入居まで

### 1 部屋を借りるときの手続き・契約の流れ

#### 住宅を借りるときの流れ

| | |
|---|---|
| インターネットの不動産情報サイトや「セーフティネット住宅情報提供システム」で部屋を探す<br>※希望条件にあう部屋が見つかったら、**不動産店**に連絡する | まちの**不動産店**を訪ねる |

▼

**不動産店**で希望する部屋の条件などを伝える

▼

部屋の下見に行く

▼

契約を希望する場合、入居申込書に記入する

▼ ※申込み時に**家賃債務保証会社**の利用や**連帯保証人**が必要になる場合が多い。

**不動産店**による審査・決定

▼

予約する

▼

**重要事項説明**にて契約内容の説明を受ける

▼

契約書に署名して、**敷金**・**礼金**・**媒介手数料**・**損害保険料**・**家賃**・**共益費**など必要なお金を払う

▼

契約書を貸主・借主双方が保有する

▼

家の鍵を受け取り、引っ越しをする



Myanmar

# M03

## 1 အခန်းရှာခြင်းမှနေထိုင်ခြင်းအထိ

### 1 အခန်းအားငှားရမ်းသည့်အချိန်၏လုပ်ထုံးလုပ်နည်း၊ စာချုပ်ချုပ်ခြင်းလုပ်ငန်းစဉ်များ

#### အိမ်ယာငှားရမ်းချိန်တွင်လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များ

| | |
|---|---|
| အင်တာနက်ရှိအိမ်ခြံမြေသတင်းအချက်အလက်ဆိုဒ်နှင့်「ဘေးကင်းလုံခြုံမှုစီမံချက်အိမ်ယာသတင်းအချက်အလက်များပေးသည့်စနစ်」တွင်အခန်းကိုရှာဖွေခြင်း။<br>*လိုချင်သည့်အချက်အလက်များနှင့်ကိုက်ညီသည့်အခန်းအားရှာတွေ့ခဲ့ပါက **အိမ်ခြံမြေအကျိုးတော်ဆောင်သည့်ဆိုင်**သို့ဆက်သွယ်ခြင်း | မြို့၏ **အိမ်ခြံမြေအကျိုးတော်ဆောင်သည့်ဆိုင်**ကိုဝင်ကြည့်ခြင်း |

▼

**အိမ်ခြံမြေအကျိုးတော်ဆောင်သည့်ဆိုင်**တွင် လိုချင်သည့်အခန်း၏အချက်အလက်စသည်တို့ကို ပြောပြပေးခြင်း

▼

အခန်းကိုသွားရောက်ကြည့်ရှုခြင်း

▼

စာချုပ်ချုပ်ရန်ဆန္ဒရှိပါက နေထိုင်မှုလျှောက်လွှာစာရွက်တွင် ဖြည့်ခြင်း

▼ * လျှောက်လွှာတင်သည့်အချိန်တွင် **အိမ်ယာငှားရမ်းခြင်းအာမခံကုမ္ပဏီ** သုံးရန်လိုအပ်ခြင်းနှင့် **အာမခံပုဂ္ဂိုလ်** လိုအပ်သည့်အနေအထားကများခြင်း

**အိမ်ခြံမြေအကျိုးတော်ဆောင်သည့်ဆိုင်** မှစစ်ဆေးခြင်း・ဆုံးဖြတ်ချက်ချခြင်း

▼

ဘွတ်ကင်လုပ်ခြင်း

▼

**အရေးကြီးသည့်ကိစ္စရပ်များရှင်းပြချက်**တွင် စာချုပ်ပါအကြောင်းအရာများ၏ရှင်းပြချက်ကိုနားထောင်ခြင်း

▼

စာချုပ်တွင်လက်မှတ်ထိုးပြီး **ထိန်းသိမ်းခ・ ကျေးဇူးတင်ခ・ပွဲစားခ・ပျက်စီးဆုံးရှုံးမှုအာမခံကြေး・အိမ်လခ・အထွေထွေဘုံစားရိတ်များ** စသဖြင့် လိုအပ်သောပိုက်ဆံများကိုပေးချေခြင်း

▼

စာချုပ်အားငှားပေးသ・ငှားရမ်းသူနှစ်ဦးနှစ်ဖက်လုံးက သိမ်းဆည်းထားခြင်း

▼

အိမ်သော့ကိုလက်ခံယူပြီး အိမ်ပြောင်းရွှေ့ခြင်း

# J04

## 1 部屋の探し方

●インターネットの不動産情報サイトで、部屋を探すことができます。

・外国人の入居を受け入れる賃貸住宅を検索できる「セーフティネット住宅情報提供システム」（日本語）

**http://www.safetynet-jutaku.jp/guest/index.php**

もあります。




**外国人の入居を受け入れる賃貸住宅を検索できる「セーフティネット住宅情報提供システム」のページ**

●インターネットで必要な情報を入手できない場合は、まちの**不動産店**へ行き、あなたが希望する部屋の条件を伝えて、部屋を紹介してもらいましょう。**不動産店**では、店外から見えるように、いろいろな賃貸住宅の情報を貼り出しています。

それを見ると、あなたが希望する地域では、いくら位の家賃が必要なのかが分かります。

●あなたが留学生ならば、大学などの学生担当課で部屋の情報があるかどうか聞いてみてください。

●知人等からの口コミでも探すことができます。



# M04

## 1 အခန်းရှာပုံရှာနည်း

● အင်တာနက်ရှိအိမ်ခြံမြေအကျိုးတော်ဆောင်ဆိုဒ်တွင် အခန်းကိုရှာနိုင်ပါသည်။ နိုင်ငံခြားသားများ၏နေထိုင်မှုကိုလက်ခံသည့်အငှားအိမ်ယာများကိုရှာဖွေနိုင်သည့်「ဘေးကင်းလုံခြုံမှုစီမံချက်အိမ်ယာသတင်းအချက်အလက်များ ပေးသည့်စနစ်」(ဂျပန်ဘာသာ)

**http://www.safetynet-jutaku.jp/guest/index.php**လည်းရှိပါသည်။




**နိုင်ငံခြားသားများ၏နေထိုင်မှုကိုလက်ခံသည့်အငှားအိမ်ယာများကိုရှာဖွေနိုင်သည့်「ဘေးကင်းလုံခြုံမှုစီမံချက်အိမ်ယာသတင်းအချက်အလက်များပေးသည့်စနစ်」၏စာမျက်နှာ**

● အင်တာနက်တွင်လိုအပ်သောသတင်းအချက်အလက်များကိုမရယူနိုင်သည့်အခြေအနေတွင် မြို့၏**အိမ်ခြံမြေအကျိုးတော်ဆောင်သည့်ဆိုင်**သို့ သွားကာ သင်လိုချင်သည့်အခန်း၏အနေအထားကိုပြောပြပြီး အခန်းကိုမိတ်ဆက်ခိုင်းကြရအောင်။ အိမ်ခြံမြေအကျိုးတော်ဆောင်သည့်ဆိုင်တွင် ဆိုင်အပြင်မှမြင်ရအောင် အမျိုးမျိုးသော အငှားအိမ်ယာများ၏သတင်းအချက်အလက်များကို ကပ်ထားပါသည်။

ထိုအရာကိုကြည့်လျှင် သင်လိုချင်သည့်ဒေသအတွင်းတွင် အိမ်ငှားခဘယ်လောက်အနေအထားလိုအပ်လဲဆိုတာ သိနိုင်ပါသည်။

● သင်ကပညာတော်သင်ကျောင်းသားဖြစ်လျှင် တက္ကသိုလ်စသည်တို့၏ကျောင်းသားရေးရာဌာနတွင် အခန်းနှင့်ပတ်သတ်သောသတင်းအချက်အလက်များရှိမရှိကို မေးကြည့်ပါ။

● အသိအကကျွမ်းများထံမှပြောကြားသည့်အချက်အလက်များဖြင့်လည်းရှာဖွေနိုင်ပါသည်။

# J05

【間取り図の見方】

- 日本では、間取りを「2LDK」などと表記します。
- 「L」は居間（リビング）、「D」は食堂（ダイニング）、「K」は台所（キッチン）のことです。「DK」は食堂と台所を兼ねた部屋のことです。「LDK」は居間と食堂と台所が兼用の部屋のことです。
- 「1DK」「2LDK」など、最初につく「1」や「2」の数字は、独立した部屋の数を表しています。つまり「2LDK」とは、「LDK」以外に独立した部屋が 2 室あることを意味しています。




2LDK

※掲載の間取り図は一例です。



Japanese

# M05

【အခန်းဖွဲ့စည်းပုံပြ ပုံကြမ်းကြည့်နည်း】

- ဂျပန်တွင် အခန်းဖွဲ့စည်းပုံက「2LDK」စသဖြင့်ဖော်ပြပါသည်။
- 「L」သည်ဧည့်ခန်း (Living), 「D」သည်ထမင်းစားခန်း (Dining), 「K」သည်မီးဖိုခန်း (Kitchen) ဖြစ်ပါသည်။「DK」သည်ထမင်းစားခန်းနှင့်မီးဖိုခန်းကို တွဲထားသည့်အခန်းဖြစ်ပါသည်။「LDK」သည်ဧည့်ခန်း၊ ထမင်းစားခန်းနှင့်မီးဖိုခန်းတို့က တွဲထားသည့်အခန်းပဲဖြစ်ပါသည်။
- 「1DK」,「2LDK」စသဖြင့်ရှေ့တွင်ကပ်ပါသည့်「1」နှင့်「2」ဂဏန်းများသည် အခြားသီးသန့်အခန်းအရေအတွက်ကိုဖော်ပြထားခြင်းဖြစ်သည်။တစ်နည်းအားဖြင့်「2LDK」ဆိုသည်မှာ「LDK」အပြင် သပ်သပ်ရှိနေသည့် အခန်း2ခန်းကိုပြောခြင်းဖြစ်ပါသည်။




2LDK

*ဖော်ပြထားသည့် အခန်းဖွဲ့စည်းပုံ ပုံကြမ်းသည်ဥပမာသာဖြစ်သည်။



Myanmar

# J06

## 2 不動産店を訪問する

- **不動産店**を訪ねるときは、きちんとした服装であれば、お店の人の第一印象がよくなります。
- 日本語をあまり話せないならば、日本語を話せる人と一緒に**不動産店**へ行きましょう。
- 同行支援サービスを行う自治体や企業などもあります。

## 3 部屋の希望条件

- どのような条件で部屋を探しているのか、最寄り駅や**家賃**・広さ・設備など、自分の希望をはっきり伝えましょう。

➡ J21 ～ 22 ページの希望条件チェックシートにあらかじめ記入しておき、**不動産店**の人に見せると良いでしょう。

## 4 不動産店で聞かれること

- **不動産店**では一般的に、あなたについて、次のようなことを聞かれます。
  - 名前・職業・**同居者**（人数）・収入・日本語能力・住宅を探している理由等
- また、訪問した日に入居の申込みをする場合もありますので、身分証明書（在留カード、パスポート等）を用意しておきましょう。
- また、**連帯保証人**の有無を聞かれる場合があります。

## 5 部屋の下見

- 希望条件にあう部屋が見つかったら、**不動産店**の人と部屋の下見に行きます。下見は無料です。部屋を見て気に入らなかったら、入居申込みをしなくてかまいません。
- 下見時にキッチンやエアコンなどの設備、冷蔵庫や洗濯機置き場をチェックしましょう。



# M06

## 2 အိမ်ခြံမြေအကျိုးတော်ဆောင်သည့်ဆိုင်သို့ဝင်ရောက်ကြည့်ရှုခြင်း

- **အိမ်ခြံမြေအကျိုးတော်ဆောင်သည့်ဆိုင်**သို့ဝင်ကြည့်သည့်အချိန်တွင် အဝတ်အစားသပ်သပ်ရပ်ရပ်သေချာဝတ်ဆင်သွားပါက ဆိုင်မှလူ၏မိမိအပေါ် ထင်မြင်ချက်ကောင်းပါလိမ့်မည်။
- ဂျပန်စကားကိုသိပ်ပြီးတော့မပြောနိုင်ပါက ဂျပန်စကားပြောနိုင်သူနှင့်အတူ **အိမ်ခြံမြေအကျိုးတော်ဆောင်သည့်ဆိုင်**သို့သွားကြရအောင်။
- အတူလိုက်ပါကူညီပေးသည့်ဝန်ဆောင်မှုပြုနေသောအဖွဲ့အစည်းများနှင့်ကုမ္ပဏီများလည်းရှိသည်။

## 3 မိမိလိုချင်သည့်အခန်း၏အချက်အလက်များ

- မည်ကဲ့သို့သောအခြေအနေနှင့်အခန်းကိုရှာဖွေနေပါသလဲ၊ အနီးဆုံးဘူတာရုံနှင့်**အိမ်လခ** ・ အကျယ်အဝန်း ・ ပစ္စည်းကိရိယာများစသဖြင့်၊ မိမိလိုချင်သည်ကို သေသေချာချာ ပြောပြကြရအောင်ပါ။

➡ စာမျက်နှာM21-22၏ လိုချင်သောအခြေအနေများစစ်ဆေးခြင်းစာရွက်တွင် ကြိုတင်ဖြည့်ထားကာ **အိမ်ခြံမြေအကျိုးတော်ဆောင်သည့်**ဆိုင်မှလူကို ပြပေးတာကောင်းပါသည်။

## 4 အိမ်ခြံမြေအကျိုးတော်ဆောင်သည့်ဆိုင်တွင် အမေးခံရမည့်အရာများ

- **အိမ်ခြံမြေအကျိုးတော်ဆောင်သည့်ဆိုင်**တွင် ယေဘူယျအားဖြင့် သင်နှင့်ပတ်သတ်သည့် အောက်ပါကိစ္စရပ်များအား မေးမြန်းခံရပါမည်။
  အမည်・အလုပ်အကိုင・**အတူနေထိုင်မည့်သူ** (လူအရေအတွက်)・ဝင်ငွေ・ဂျပန်ဘာသာစကားအရည်အချင်း・နေအိမ်ကိုရှာနေသည့်အကြောင်းရင်း စသဖြင့်
- တစ်ဖန် ဆိုင်သို့သွားရောက်ကြည့်ရှုသည့်နေ့တွင်ပင် နေထိုင်ခွင့်လျှောက်လွှာတင်သည့်အခါများလည်းရှိတတ်သည့်အတွက် မိမိဖြစ်ကြောင်းသက်သေပြသည့်ကဒ် (နိုင်ငံခြားသားစိစစ်ရေးကဒ်၊ ပတ်စ်ပို့စသဖြင့်) ကိုပြင်ဆင်ထားကြရအောင်။
- တစ်ဖန် **အာမခံပုဂ္ဂိုလ်** ရှိမရှိကိုအမေးခံရသည့်အခြေအနေလည်းရှိပါသည်။

## 5 အခန်းကိုသွားရောက်ကြည့်ရှုခြင်း

- လိုချင်သည့်အချက်အလက်များနှင့်ကိုက်ညီသောအခန်းအားရှာတွေ့ပါက **အိမ်ခြံမြေအကျိုးတော်ဆောင်သည့်ဆိုင်**မှလူနှင့် အခန်းအားကြည့်ရန်သွားပါမည်။ အခန်းကြည့်ခြင်းသည် အခကြေးငွေပေးစရာမလိုပါ။ အခန်းကိုကြည့်ပြီး စိတ်ထဲတွင်မကြိုက်ပါက နေထိုင်ခွင့်လျှောက်လွှာကို မတင်လည်းရပါသည်။
- အခန်းသွားရောက်ကြည့်ချိန်တွင် မီးဖိုခန်းနှင့်အဲယားကွန်းစသည်တို့တပ်ဆင် ထားသည့်ဖွဲ့စည်းပုံ၊ ရေခဲသေတ္တာနှင့်အဝတ်လျှော်စက်ထားရန်နေရာ များကို စစ်ဆေးကြရအောင်။

# J07

- 下見のときは部屋だけではなく、周辺環境や利便性もチェックします。駅やバス停、スーパーやコンビニエンスストア、郵便局、銀行、病院、公園などがどこにあるか聞きましょう。

Japanese

## 6 入居申込み

- 部屋が気に入ったら、入居申込みをし、入居審査に必要な書類を提出します。

➡ J23 ページのチェックリストを活用してください。

- **不動産店**と家主が入居審査を行い、審査に通れば契約をして、入居することができます。
- 申込みから入居まで標準的に 1 ～ 2 週間かかります。
- 日本の賃貸住宅における賃貸借契約は、入居者が家賃を支払えなくなった場合に備え、**家賃債務保証会社**の利用又は**連帯保証人**を必要とします。このことについては、**不動産店**に聞いてみてください。




## 7 重要事項説明

- 契約前に、契約と住まいに関する重要な点について**不動産店**から説明を受けます。分からないことがあれば、その時点でしっかり質問しましょう。






# M07

- အခန်သွားရောက်ကြည့်သည့်အချိန်တွင်အခန်းသာမကဘဲအနီးနားပတ်ဝန်းကျင်နှင့်အဆင်ပြေလွယ်ကူမှုများကိုလည်းစစ်ဆေးရပါမည်။ ဘူတာရုံနှင့်ဘတ်စ်ကားမှတ်တိုင်၊ စူပါမားကတ်နှင့်စတိုးဆိုင်များ၊ စာကြည့်တိုက်၊ ဘဏ်၊ ဆေးရုံ၊ ပန်းခြံများစသည်တို့က မည်သည့်နေရာတွင်ရှိလဲဆိုတာ မေးကြရအောင်။

## 6 နေထိုင်မှုလျှောက်လွှာ

- အခန်းအားကြိုက်နှစ်သက်ပါက နေထိုင်မှုလျှောက်လွှာကိုတင်ပြီး နေထိုင်မှုစစ်ဆေးခြင်းအတွက်လိုအပ်သောစာရွက်စာတမ်းများကို တင်ပါမည်။

➡ စာမျက်နှာM23၏ စစ်တမ်းစာရင်းကိုအသုံးပြုပေးပါ။

- **အိမ်ခြံမြေအကျိုးတော်ဆောင်သည့်ဆိုင်**နှင့်အိမ်ရှင်က နေထိုင်မှုစစ်ဆေးခြင်းကိုလုပ်ဆောင်ပြီး စစ်ဆေးမှုအောင်မြင်ပါက စာချုပ်ချုပ်ကာစတင်နေထိုင် နိုင်ပါသည်။
- လျှောက်လွှာတင်ခြင်းမှနေထိုင်ခြင်းအထိပုံမှန်အားဖြင့် 1ပတ်မှ2ပတ်ကြာမြင့်ပါသည်။
- ဂျပန်နိုင်ငံ၏အိမ်ခြံမြေငှားရမ်းခြင်းစာချုပ်ချုပ်ရာတွင် နေထိုင်မည့်သူက အိမ်လခမပေးချေတော့သည့်အခြေအနေအတွက်ကြိုတင်ပြင်ဆင်သည့်အနေဖြင့် **အိမ်ငှားရမ်းခြင်းဆိုင်ရာအာမခံ ကုမ္ပဏီ**၏အသုံးပြုခြင်း သို့မဟုတ် **အာမခံပုဂ္ဂိုလ်**ကိုလိုအပ်ခြင်းများရှိလာပါမည်။အဆိုပါကိစ္စနှင့်ပတ်သတ်ပြီး**အိမ်ခြံမြေအကျိုးတော်ဆောင်သည့်ဆိုင်** ထံသို့မေးကြည့်ပေးပါ။

Myanmar




## 7 အရေးကြီးသောကိစ္စရပ်များရှင်းလင်းချက်

- စာချုပ်မချုပ်ခင် စာချုပ်, ချုပ်ခြင်းနှင့်နေထိုင်ခြင်းတို့နှင့်သက်ဆိုင်သောအရေးကြီးသည့်အချက်များနှင့်ပတ်သတ်ကာ အိမ်ခြံမြေအကျိုးတော်ဆောင်သည့်ဆိုင်မှရှင်းပြချက်ကိုနားထောင်ရမည်။ နားမလည်သောကိစ္စရပ်များရှိပါက ထိုအချိန်မှာပဲသေချာစွာမေးကြရအောင်။



# J08

## 8 契約

- 部屋を借りるときには「契約書」を交わします。契約書とは、貸す人と借りる人の間の約束がはっきりと書かれた書面です。契約書の内容を読み、説明してもらい、よく理解してから署名してください。契約書に署名するということは、あなたが契約書の内容を理解し、きちんと守るということを約束したことを意味します。なお、**不動産店**が部屋を媒介したときは**媒介手数料**がかかります。
- **重要事項説明**を受け、契約書に署名するまでに、必ず次のことを確認しておきましょう。
  - 契約が**普通賃貸借契約**なのか**定期賃貸借契約**なのか
  - 契約時に必要な**敷金**・**礼金**等の金額、**敷引き**がある場合はその金額について
  - **普通賃貸借契約**の場合、更新時の**更新料**の有無とその金額について
  - 部屋の模様替えや入居者以外の人との同居、ペットの飼育などの禁止事項について
  - **原状回復**の条件について

  退去時に**原状回復**の費用について、トラブルが起きないように確認しておくことが必要です。

## 2 必要な書類と費用

| 項　目 | 内　容 |
|---|---|
| 入居審査時に必要な書類 | パスポート、在留カード、所得証明書、勤務証明書や在学証明書など<br>(**連帯保証人**による保証の場合、**連帯保証人**の所得証明書と印鑑登録証明書) |
| 契約時に必要な費用 | **敷金**・**礼金**・**媒介手数料**・**損害保険料**・**家賃**(日本は前月払いです)・**共益費**など、地域によって異なりますが月額**家賃**の4～7ヶ月分が目安です。一般的に費用の支払いは、現金もしくは振込となります。<br>(**家賃債務保証会社**利用の場合、保証委託料(2年間の保証で月額家賃の0.5ケ月分などが多いです)。) |



# M08

## 8 စာချုပ်, ချုပ်ခြင်း

- အခန်းငှားသည့်အချိန်တွင「စာချုပ်」ကို သဘောတူညီလက်မှတ်ထိုးရပါမည်။ စာချုပ်ဆိုသည်မှာ ငှားပေးသည့်သူနှင့် ငှားရမ်းသောသူတို့၏ကြားရှိ ကတိကဝတ် ကို သေချာစွာရေးသားထားသော စာရွက်ဖြစ်ပါသည်။ စာချုပ်၏အကြောင်းအရာအား ဖတ်ကာ ရှင်းပြခိုင်းပြီး ကောင်းစွာနားလည်သဘောပေါက်ပြီးမှ လက်မှတ်ထိုးပေးပါ။ စာချုပ်တွင်လက်မှတ်ထိုးခြင်းဆိုသည်မှာသင်သည်စာချုပ်ထဲရှိအကြောင်းအရာများကိုနားလည်သဘောပေါက်ကာ သေချာစောင့်ထိမ်းပါမည်ဟု ကတိပြုခြင်းဖြစ်သည်။ ထို့အပြင် **အိမ်ခြံမြေအကျိုးတော် ဆောင်သည့်ဆိုင်**မှ အခန်းအားမိတ်ဆက်ပေးသည့်အချိန်တွင် ပွဲစားခကျသင့်ပါမည်။
- **အရေးကြီးသောကိစ္စရပ်များရှင်းလင်းချက်**ကို နားထောင်ကာ စာချုပ်တွင်လက်မှတ်ထိုးသည့်အချိန်အထိ သေချာပေါက်အောက်ပါကိစ္စရပ်များအား စစ်ဆေးအတည်ပြုထားကြရအောင်။
  - စာချုပ်သည် **ပုံမှန်အိမ်ခြံမြေငှားရမ်းခြင်းစာချုပ်**လား **ကာလတိုအိမ်ခြံမြေငှားရမ်းခြင်း စာချုပ်**လား
  - စာချုပ်,ချုပ်သည့်အချိန်တွင် လိုအပ်သော**ထိန်းသိမ်းခ・ကျေးဇူးတင်ခ**စသည်တို့၏ ငွေပမာဏ၊ ထိန်းသိမ်းခနှုတ်ယူခြင်းရှိသည့်အခြေအနေတွင် ထိုငွေပမာဏနှင့် ပတ်သတ်ပြီး
  - **ပုံမှန်အိမ်ခြံမြေငှားရမ်းခြင်းစာချုပ်**ဖြစ်ခဲ့ပါက သက်တမ်းတိုးသည့်အချိန်တွင် သက်တမ်းတိုးခရှိမရှိနှင့် ထိုငွေကြေးပမာဏနှင့်ပတ်သတ်ပြီး
  - အခန်း၏ပြန်လည်ပြင်ဆင်ခြင်းနှင့် နေထိုင်မည့်သူအပြင်အခြားသူများနှင့်အတူနေထိုင်ခြင်း၊ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်းစသော တားမြစ်ထားသည့်ကိစ္စရပ်များ
  - **ပြန်လည်ပြုပြင်ခြင်း**၏အချက်အလက်များနှင့်ပတ်သတ်ပြီး

  အခန်းပြန်အပ်ချိန်တွင် **ပြန်လည်ပြုပြင်ခြင်း**၏စားရိတ်များနှင့်ပတ်သတ်ပြီး ပြသနာများ မပေါ်ပေါက်စေရန် အတည်ပြုထားရန်လိုအပ်ပါသည်။

## 2 လိုအပ်သောစာရွက်စာတမ်းများနှင့်ကုန်ကျစားရိတ်များ

| အချက်အလက်များ | အကြောင်းအရာ |
|---|---|
| နေထိုင်မှုစစ်ဆေးသည့်အချိန်တွင် လိုအပ်သောစာရွက်စာတမ်းများ | ပတ်စ်ပို့၊ နိုင်ငံခြားသားစိစစ်ရေးကဒ်၊<br>ဝင်ငွေခွန်ဆောင်ထားသည့်စာရွက်၊ အလုပ်ထောက်ခံစာနှင့် ကျောင်းတက်နေကြောင်းထောက်ခံစာစသဖြင့်<br>(**အာမခံသည့်ပုဂ္ဂိုလ်**မှ အာမခံပေးပါက **အာမခံသည့်ပုဂ္ဂိုလ်**၏ ဝင်ငွေခွန်နှင့် တံဆိပ်တုံးမှတ်ပုံတင်သက်သေခံ) |
| စာချုပ်, ချုပ်သည့်အချိန်တွင်လိုအပ်သောကုန်ကျစားရိတ်များ | **ထိန်းသိမ်းခ・ကျေးဇူးတင်ခ・ပွဲစားခ・ပျက်စီးဆုံးရှုံးမှုအာမခံကြေး・အိမ်လခ** (ဂျပန်သည်တစ်လကြိုရှင်းစနစ်)・<br>**အထွေထွေဘုံစားရိတ်များ**စသဖြင့် ဒေသပေါ်မူတည်ကာ ကွဲပြားသော်လည်း မှန်းခြေ အိမ်လခ၏4-7လစာလောက်ပင် ဖြစ်ပါသည်။ ယေဘူယျအားဖြင့် ကုန်ကျစားရိတ်ပေးချေမှုသည် လက်ငင်းသို့မဟုတ် ငွေလွှဲခြင်းဖြစ်ပါမည်။<br>(**အိမ်ယာငှားရမ်းခြင်းအာမခံကုမ္ပဏီ**အသုံးပြုခြင်းအခြေအနေဖြစ်ခဲ့ပါက အာမခံချက် ကော်မရှင်ခ (2နှစ်ကြာအာမခံပေးပြီး အိမ်လခလစာ၏0.5လစာ စသည်က များပါသည်။) |

# J09

## 3 入居の手続き

### 1 鍵の受け取り

- 契約書を交わし、契約金の入金が済むと部屋の鍵が渡されます。この鍵は、解約時に家主に返すので、なくさないように注意しましょう。

### 2 部屋の内部確認

- 鍵の受け取りの際、できれば**不動産店**立会いのもとで部屋の現状を確認し、チェックリストを作成しましょう。簡単な間取り図を書いて傷や汚れの場所を書き込み、日付の入った写真を撮っておくと後のトラブル防止に役立ちます。設備機器類は実際に動かして確認しておきましょう。



### 3 電気・ガス・水道の申込み

- 電気は、ブレーカーについているハガキに、名前・住所・使用開始日を記入してポストへ入れます。
- ガスは、事前にガス会社に連絡し、入居する日にガスの元栓を開けてもらうように頼みます。ガスの開栓には、本人の立会いが必要です。
- 水道は、市区町村等の水道担当部局に連絡して開栓の手続きを行います。備え付けのハガキに、名前・住所・使用開始日を記入してポストへ入れます。
- いずれも、**不動産店**に連絡先を聞いておきましょう。



Japanese

# M09

## 3 နေထိုင်မှုအတွက်လုပ်ဆောင်ရန်များ

### 1 သော့လက်ခံခြင်း

- စာချုပ်ချုပ်ပြီး စာချုပ်ငွေသွင်းခြင်းပြီးသွားပါက အခန်း၏သော့ကို ပေးပါမည်။ ထိုသော့သည် စာချုပ်ဖျက်သည့်အချိန်တွင် အိမ်ရှင်အားပြန်ပေးရမည် ဖြစ်သဖြင့် မပျောက်စေရန်သတိထားကြရအောင်။

### 2 အခန်းအတွင်းပိုင်းအတည်ပြုခြင်း

- သော့လက်ခံယူသည့်အချိန်တွင် ဖြစ်နိုင်မည်ဆိုပါက **အိမ်ခြံမြေအကျိုးတော် ဆောင်သည့်ဆိုင်မှလူ** ရှေ့မှောက်တွင် အခန်း၏လက်ရှိအခြေအနေကိုအတည်ပြုကာ စစ်ဆေးရမည့်စာရင်းကိုလုပ်ကြရအောင်။ လွယ်ကူသော အခန်းပုံကြမ်းကိုဆွဲပြီး ဒဏ်ရာဒဏ်ချက်များနှင့် ညစ်ပေနေသည့်နေရာများကို ချရေးကာ ရက်ဆွဲပါသည့်ဓာတ်ပုံကိုရိုက်ထားပါမှ နောက်ပိုင်းပြဿနာများကို ကာကွယ်သောနေရာတွင် အသုံးဝင်ပါလိမ့်မည်။ တပ်ဆင်ထားသည့်ပစ္စည်းကိရိယာများကို လက်တွေ့လှုပ်ရှားခိုင်းစေပြီး အတည်ပြုကြရအောင်။



### 3 လျှပ်စစ်မီး・ဂက်စ်・ရေပိုက်လိုင်းများလျှောက်ခြင်း

- လျှပ်စစ်မော်တာသည် ဘရိတ်ကာတွင်ချိတ်ထားသည့် ပို့စ်ကဒ်တွင် အမည်・လိပ်စာ・စတင်သုံး စွဲသည့်နေ့တို့ကိုထည့်သွင်းရေးကာ စာတိုက်ပုံးထဲသို့ထည့်ပါမည်။
- ဂက်စ်လိုင်းအတွက်၊ ကြိုတင်ကာဂတ်စ်ကုမ္ပဏီသို့ဆက်သွယ်အကြောင်းကြားပြီး နေထိုင်မည့်နေ့ တွင် ဂတ်စ်၏အဓိကပိုက်အပေါက်ကိုဖွင့်ဖို့ တောင်းဆိုပါမည်။ ဂတ်စ်ဖွင့်ရာတွင် မိမိ ကိုယ်တိုင်ရှိနေရန်လိုအပ်ပါသည်။
- ရေပိုက်လိုင်းကို ရပ်ရွာဒေသစသည်တို့၏ ရေပိုက်လိုင်းကိုင်သည့်ဌာနသို့ အကြောင်းကြားပြီး ဖွင့်သည့်လုပ်ဆောင်မှုများအားပြုလုပ်ပါမည်။ ပစ္စည်းကိရိယာများ ၏ကဒ်တွင် အမည・လိပ်စာ・စတင်သုံးဆွဲသည့်နေ့တို့ကိုထည့် သွင်းရေးမှတ်ကာ စာတိုက်ပုံးထဲသို့ထည့်ပါမည်။
- အကုန်လုံးကို **အိမ်ခြံမြေအကျိုးတော် ဆောင်သည့်ဆိုင်**ထံတွင် ဆက်သွယ်ရမည့် လိပ်စာများအားမေးထားကြရအောင်။



Myanmar

# J10

## 4 電話・インターネットの手続き

- ●固定電話は、電話会社に連絡して開通の手続きをします。
- ●インターネットは、プロバイダーに利用の連絡をします。
- ●連絡先等は、**不動産店**に確認しましょう。

## 4 入居後の住まい方のルール

### 1 ゴミの出し方

●ゴミの出し方は、あなたが住んでいる地域（市区町村）によって異なります。ゴミの種類ごとに出す曜日や時間帯が決まっているので、入居時に**不動産店**や近所に住む人、役所や清掃事務所にたずねましょう。




●曜日や時間帯を守らないと、ゴミは分別しても回収されず、多くの場合、近隣とのトラブルになります。特に気を付けてください。

●確認する必要がある事項

- ・ゴミを出す曜日と時間
- ・ゴミを出す場所
- ・燃えるゴミと燃えないゴミの区別
- ・資源ゴミ（瓶、缶、ペットボトル、新聞など）の区別
- ・粗大ゴミの出し方など

●外国人が多い市区町村では、外国語で説明したイラスト入りのゴミの出し方に関するパンフレットを作っている場合があります。役所や清掃事務所などに問い合わせてみましょう。



# M10

## 4 ဖုန်း•အင်တာနက်များအတွက်လုပ်ဆောင်ရန်များ

- ● အထိုင်ဖုန်းကို ဖုန်းကုမ္ပဏီအားအကြောင်းကြားကာဆက်သွယ်ရေးလိုင်းဖွင့်ပေးရန် လုပ်ဆောင်ရပါမည်။
- ● အင်တာနက်အတွက် ဝန်ဆောင်မှုပေးသည့်ကုမ္ပဏီသို့ အသုံးပြုရန်အကြောင်း ကြားရပါမည်။
- ● ဆက်သွယ်ရန်လိပ်စာများစသည်တို့ကို **အိမ်ခြံမြေအကျိုးတော်ဆောင်သည့်ဆိုင်**ထံတွင် အတည်ပြုကြရအောင်။

## 4 နေထိုင်ပြီးနောက်နေထိုင်မှုပုံစံစည်းမျဉ်းစည်းကမ်းများ

### 1 အမှိုက်ပစ်နည်း

● အမှိုက်ပစ်နည်းသည် သင်နေထိုင်သည့်ဒေသ (ရပ်ရွာဒေသ) ပေါ် မူတည်ကာကွဲပြားပါသည်။ အမှိုက်အမျိုးအစားအလိုက် ပစ်ရမည့်နေ့နှင့် အချိန်ဇယားများကို သတ်မှတ်ထားသည့်အတွက် နေထိုင်သည့်အချိန်တွင် **အိမ်ခြံမြေအကျိုးတော်ဆောင်သည့်ဆိုင်**နှင့် အနီးအနားတွင်နေသောသူများ၊ ရပ်ကွက်ရုံးနှင့် သန့်ရှင်းရေးဌာနများသို့ သွားရောက်မေးမြန်းကြရအောင်။




● နေ့ရက်များနှင့်အချိန်ဇယားများအတိုင်းမလိုက်နာပါကအမှိုက်များကိုခွဲထားသော်လည်း သယ်ယူသွားခြင်းမပြုဘဲ၊ ထိုဖြစ်စဉ်များလာပါကအနီးပတ်ဝန်းကျင်ရှိလူများနှင့် ပြဿနာဖြစ်လိမ့်မည်။ အထူးသတိထားပေးပါ။

● အတည်ပြုရန်လိုအပ်သော ကိစ္စရပ်များ

- • အမှိုက်ပစ်ရမည့်နေ့များနှင့်အချိန်
- • အမှိုက်ပစ်ရမည့်နေရာ
- • လောင်ကျွမ်းလွယ်သောအမှိုက်နှင့်မလောင်ကျွမ်းသောအမှိုက်များခွဲခြားခြင်း
- • ပြန်လည်ပြုပြင်အသုံးပြုလို့ရသောအမှိုက်များ (ပုလင်း၊ စည်သွတ်ဘူး၊ ပလပ်စတစ် ဘူး၊ သတင်းစာစသဖြင့်) ၏ခွဲခြမ်းစိတ်ဖြာခြင်း
- • အမှိုက်အကြီးစားများ၏ပစ်နည်းစသဖြင့်

● နိုင်ငံခြားသားများ, များသည့်ရပ်ရွာဒေသများတွင် နိုင်ငံခြားဘာသာစကားများဖြင့် ရှင်းပြထားသည့် ရုပ်ပုံပါဝင်သောအမှိုက်ပစ်နည်းနှင့်သက်ဆိုင်သည့် လက်ကမ်းစာစောင်ကို ပြုလုပ်ထားသည့်အခါများလည်းရှိသည်။ ရပ်ကွက်ရုံးနှင့် သန့်ရှင်းရေးဌာစသည့်နေရာများတွင်မေးမြန်းကြည့်ကြရအောင်။

# J11

## 2 生活騒音の注意

- 集合住宅では、隣や上下階に音が伝わりやすいので、特に夜間から早朝にかけては注意しましょう。
- 例えば、大きな話し声やパーティ、テレビ・ステレオ・楽器の音、掃除機や洗濯機、子どもが走り回る音、ドアの乱暴な開閉、深夜の入浴などが、騒音のトラブルになることがあるので注意します。




## 3 日本の賃貸住宅の使い方

日本では、**原状回復**義務があり、以下の住宅の使い方を守らないことによる汚れ・破損は退去のときに入居者の負担で元に戻さなければなりません。

### 【1】部屋

- 日本の住宅は、玄関から廊下や室内に入るときに一段高くなっています。玄関で靴を脱いで、家の中に入るのが日本の慣習です。日本では床の上に直接座ったり、布団を敷いて休んだりします。靴や履物は玄関で必ず脱ぎ、履いたまま部屋に入ってはいけません。




Japanese



# M11

## 2 မိမိ၏နေ့စဉ်လူနေမှုမှထွက်ပေါ်လာသောဆူညံသံများကို သတိထားရန်

- စုပေါင်းတည်ရှိသည့်နေအိမ်များတွင် အနီးအနားနှင့် အပေါ်ထပ်အောက်ထပ်များသို့ အသံပျံ့လွယ်သည့်အတွက် အထူးသဖြင့်ညည့်နက်ချိန်မှမနက်စောစောအချိန်များကို အထူးဂရုစိုက်ကြရအောင်ပါ။
- ဥပမာအားဖြင့် စကားကျယ်ကျယ်ပြောခြင်း၊ ပါတီပေးခြင်း၊ တီဗွီ・စတူရီယို・တူရိယာပစ္စည်း များ၏အသံများ၊ ဖုန်စုပ်စက်နှင့် အဝတ်လျှော်စက်များ၊ ကလေးများပြေးလွှားဆော့ ကစားသံ၊ တံခါးကိုဆောင့်ပိတ်သံ၊ ညသန်းခေါင်ရေချိုးသံ စသည်တို့သည် ဆူညံသံနှောင့်ယှက်သံများ၏ပြဿနာရပ်များဖြစ်လာမည့်အတွက် ဂရုပြုကြရအောင်။




## 3 ဂျပန်မှအငှားနေအိမ်များ၏အသုံးပြုပုံ

ဂျပန်တွင် **ပြန်လည်ပြုပြင်ခြင်း**ဟုခေါ်သော တာဝန်ဝတ္တရားများရှိကာ၊ အောက်ပါအတိုင်းနေအိမ်များ၏အသုံးပြုပုံကို မလိုက်နာသောကြောင့် ညစ်ပတ်ပေရေခြင်း၊ ပျက်စီးခြင်းများအား အခန်းမှထွက်ခွာချိန်တွင် နေထိုင်သူမှတာဝန်ယူပြီး နဂိုမူလအတိုင်းပြန် လုပ်ပေးရမည်။

### 【1】အခန်း

- ဂျပန်၏နေအိမ်များသည် ဖိနပ်ချွတ်ခန်းမှစပြီး စင်္ကြံနှင့်အခန်းတွင်းသို့ဝင်သည့်အချိန်တွင် တစ်ဆင့်မြင့်တက်နေသည်။ ဖိနပ်ချွတ်တွင်ဖိနပ်ကိုချွတ်ခဲ့ကာ အိမ်အတွင်းထဲသို့ဝင်ရောက်ခြင်းသည် ဂျပန်၏ထုံးစံဖြစ်ပါသည်။ ဂျပန်တွင် ကြမ်းပြင်ပေါ်သို့တိုက်ရိုက်ထိုင်ချခြင်း၊ စောင်အခင်းကိုခင်းကာအနားယူခြင်းများ ပြုလုပ်ကြပါသည်။ ရှူးဖိနပ်နှင့် ဖိနပ်များကို ဖိနပ်ချွတ်တွင်သေချာချွတ်ရမည်ဖြစ်ပြီး ဖိနပ်စီးလျက်နှင့်အခန်းတွင်းသို့ဝင်၍မရပါ။




Myanmar

# J12

- 日本は湿気が多いため（特に夏場）、室内の換気を心掛けてください。結露が発生したときは拭き取ってください。放置するとカビが発生してしまいます。
- 部屋の壁に釘を打ったり、ペンキを塗ったりすることは、禁止されていることが多いので、契約書の禁止事項を確認してください。



【2】キッチン

- 流し台の排水溝に油や生ゴミなどを直接流してはいけません。油は新聞紙などで吸い取り、燃えるゴミとして別に捨ててください。
- 匂いや煙の出る料理をするときには換気扇を回し、室内に匂いが残らないように注意してください。



【3】浴室・トイレ

- 一般的に日本の浴室は、浴槽と洗い場に分かれています。
- 浴室の排水溝にゴミなどを流して排水溝をつまらせてはいけません。



# M12

- ဂျပန်သည် စိုထိုင်းဆများသည့်အတွက် (အထူးသဖြင့်နွေရာသီ) အခန်းတွင်းလေဝင်လေထွက်ကို သတိထားပေးပါ။ ရေငွေ့တွေစုလာပါက သုတ်ပစ်ပါ။ ဒီအတိုင်းထား, ထားမည်ဆိုပါက မှိုများတက်လာပါလိမ့်မည်။
- အခန်းနံရံတွင် သံများကိုရိုက်ခြင်း၊ ဆေးရောင်ခြယ်ခြင်းများကိုတားမြစ်ထားခြင်းများရှိသည့်အတွက် စာချုပ်၏တားမြစ်ကန့်ကွက်ထားသည့် ကိစ္စရပ်များကို စစ်ဆေးအတည်ပြုပေးပါ။



【2】မီးဖိုခန်း

- ဘေစင်၏ရေထွက်ပေါက်တွင်ဆီများနှင့် ထမင်းဟင်းအမှိုက်များစသည်တို့ကို တိုက်ရိုက်ဆေးချလို့မရပါ။ ဆီများကို သတင်းစာ, စာရွက် စသည်တို့ဖြင့်သုပ်ကာ လောင်ကျွမ်းလွယ်သည့်အမှိုက်များအနေနဲ့ သပ်သပ်ပစ်ပေးပါ။
- အနံ့များနှင့်မီးခိုးများထွက်သည့်ဟင်းလျာများချက်ပြုတ်သည့်အချိန်တွင် လေဝင်လေထွက်ပန်ကာအားလှည့်ကာ အခန်းတွင်းတွင်အနံ့များမကျန်ခဲ့စေရန် ဂရုစိုက်ပေးပါ။



【3】ရေချိုးခန်း・အိမ်သာ

- ပုံမှန်အားဖြင့် ဂျပန်မှရေချိုးခန်းများသည် ရေချိုးကန်နှင့်ဆေးကြောသည့်နေရာဟု ခွဲခြားထားပါသည်။
- ရေချိုးခန်း၏ရေထွက်ပေါက်တွင် အမှိုက်များကြောင့်ရေထွက်ပေါက်ပိတ်ဆို့ခြင်းများမဖြစ်စေရ။

# J13

Japanese

●浴槽はお湯をためてつかるだけで、髪の毛や身体を洗うときは、浴槽は使わず洗い場を使います。シャンプーや石けんをきれいに流してから、浴槽に入ります。

●複数の人が入浴する場合、浴槽のお湯は捨てずに、次の人が入浴し、そのまま使うことが一般的です。追い焚き機能がある浴槽では、冷めたお湯を温め直すことができます。



●トイレには、排せつ物とトイレットペーパー以外のものを流してはいけません。

●排水がつまると水が溢れ出して、周りの人に迷惑をかけます。下の階の部屋に被害が出たときは、弁償しなければならないこともあります。

## 【4】共用部・ベランダ

●集合住宅では、自分の部屋以外の廊下、階段などは共用部分です。ゴミや私物などを置かないでください。共用部分は、いざというときの避難通路です。

●ベランダが緊急時の避難通路となっている場合もあります。ベランダの床や脱出口などに荷物を置かないでください。





# M13

Myanmar

● ရေချိုးကန်သည်ရေနွေးကိုထည့်ကာအသုံးပြုရန်အတွက်သာဖြစ်ပြီး ဆံပင်နှင့်ကိုယ်ခန္ဓာဆေးကြောသည့်အချိန်တွင် ရေချိုးကန်အားအသုံးမပြုဘဲ ဆေးကြောသည့်နေရာကို အသုံးပြုပါသည်။ ခေါင်းလျှော်ရည်နှင့်ဆပ်ပြာများကို သန့်ရှင်းစွာစီးဆင်းသွားစေပြီးမှ ရေချိုးကန်အတွင်းသို့ဝင်ပါမည်။

● တစ်ယောက်မကရေချိုးကန်ဝင်မည်ဆိုပါက ရေချိုးကန်ရှိရေနွေးများအား မဖွင့်ချ ပစ်ဘဲထိုရေပူထဲသို့ နောက်လူကထပ်ဝင်ခြင်းကပုံမှန်ဖြစ်ပါသည်။ ပြန်လည်အပူပေးသည့်စနစ်ရှိသည့် ရေချိုးကန်တွင်တော့ အေးလာသည့်ရေနွေးများ ကိုပြန်လည်အပူပေးနိုင်ပါသည်။



● အိမ်သာထဲတွင်တော့ အလေးစသည်တို့နှင့် အိမ်သာသုံးစက္ကူများမှလွဲပြီး အခြားအရာ များကို စီးဆင်းစေ၍မရပါ။

● ရေထွက်ပေါက်ပိတ်နေခဲ့ပါက ရေများလျှံစေကာအနီးပတ်ဝန်းကျင်မှလူများအား အနှောင့်အယှက်ဖြစ်စေပါသည်။ အောက်ထပ်အခန်းတွင် အပျက်အစီးများပေါ်ပေါက်ခဲ့ပါက ပြန်လျော်ပေးရမည်ဖြစ်သည်။

## 【4】အတူသုံးစွဲရသည့်အပိုင်းများ・ဂရံတာ

● စုပေါင်းနေရသည့်တိုက်ခန်းများတွင် မိမိ၏အခန်းအပြင်ရှိစင်္ကြန်၊ လှေကားစသည်တို့သည်အတူသုံးစွဲရသည့်အစိတ်အပိုင်းများဖြစ်ပါသည်။အမှိုက်များနှင့်မိမိပစ္စည်းများစသည်တို့ကို မထားရ။ အတူသုံးစွဲရသည့်အပိုင်းများသည် အရေးကြုံလာခဲ့ပါက ပြေးရှောင်ရန်လမ်းဖြစ်ပါသည်။

● ဂရံတာသည် အရေးပေါ်အချိန်တွင် ပြေးရှောင်ရန်လမ်းဖြစ်နေသည့် အခါမျိုးလည်းရှိပါသည်။ ဂရံတာ၏ကြမ်းပြင်နှင့် ထွက်ပေါက်စသည်တို့တွင် ပစ္စည်းများကို မထားပါနှင့်။



# J14

【5】駐輪場

●自転車は自転車置き場などの決められた場所に並べて置きます。専用のステッカーを貼る等のルールがあるときは、それに従う必要があります。

## 5 引越し（退居）の手続き

### 1 転居の連絡

●転居する場合は、契約書に書かれている期限（通常約１ヶ月前）までに、家主や**不動産店**に書面で解約することを伝えます（**解約予告**）。

### 2 電気・ガス・水道の解約

●引越しの１週間前までに、電力会社、ガス会社、市区町村等の水道担当部局に移転の連絡をします。
●引越しをする日に、電力会社、ガス会社、市区町村等の水道担当部局の係の人が来て、使用停止の手続きをします。その日までの使用料金を精算します。

### 3 電話・インターネットの手続き

●固定電話は、契約している電話会社に連絡して住所移転又は契約解除の手続きをします。
●インターネットは、契約しているプロバイダーに住所移転又は契約解除の連絡をします。

### 4 郵便物の手続き

●郵便局で、郵便物の転送の手続きを行います。そうすれば、転居後に以前の住所へ郵便物が発送された場合でも一定期間は新しい住所で受け取ることができます（国内の場合など）。



# M14

【5】စက်ဘီးထားရန်နေရာ

● စက်ဘီးများကို စက်ဘီးထားရန်နေရာစသဖြင့် သတ်မှတ်ထားသည့်နေရာတွင် စီထားပါရန်။ သီးသန့်အသုံးပြုရသည့်စတစ်ကာကို ကပ်ခြင်းစသည့်စည်းမျဉ်းများရှိသည့်အချိန်တွင် ထိုအတိုင်းလိုက်နာရန် လိုအပ်ပါသည်။

## 5 အိမ်ပြောင်းရွှေ့ခြင်း (ထွက်ခွာခြင်း) အတွက်လုပ်ဆောင်ရန်များ

### 1 အိမ်ပြောင်းခြင်းအသိပေးခြင်း

● အိမ်ပြောင်းမည့်အချိန်တွင် စာချုပ်တွင်ရေးထားသည့်ကာလ (ပုံမှန်အားဖြင့် 1လမတိုင်ခင်) အထိ အိမ်ရှင်နှင့် **အိမ်ခြံမြေအကျိုးတော်ဆောင်သည့်ဆိုင်** ထံသို့ စာရွက်စာတမ်းဖြင့် စာချုပ်ဖျက်မည့်အကြောင်းအား ပြောရပါမည်။ (**စာချုပ်ဖျက်ခြင်းအသိပေးချက်**)

### 2 လျှပ်စစ်မီး・ဂက်စ・ရေပိုက်လိုင်းများ၏ စာချုပ်များဖျက်ခြင်း

● အိမ်ပြောင်းရွှေ့ခြင်း၏ 1ပတ်မတိုင်ခင်အထိ လျှပ်စစ်ဓါတ်အားကုမ္ပဏီ၊ ဂက်စ်ကုမ္ပဏီ၊ ရပ်ရွာ ဒေသစသည်တို့၏ရေပိုက်လိုင်းတာဝန်ယူသည့်ဌာနများသို့ ပြောင်းရွှေ့မည်ဟု အကြောင်းကြားရပါမည်။
● အိမ်ပြောင်းမည့်နေ့တွင် လျှပ်စစ်ဓါတ်အားကုမ္ပဏီ၊ ဂက်စ်ကုမ္ပဏီ၊ ရပ်ရွာ ဒေသစသည်တို့၏ ရေပိုက်လိုင်းတာဝန်ယူသည့်ဌာနများမှလူများ ရောက်လာပြီး အသုံးပြုမှုရပ်တန့်ခြင်းအတွက် လုပ်ငန်းစဉ်များလုပ်ဆောင်ပါလိမ့်မည်။ ထိုရက်မတိုင်ခင်အထိ အသုံးပြုခအားတွက်ချက် ပါမည်။

### 3 ဖုန်း・အင်တာနက်များ၏လုပ်ဆောင်ရန်များ

● အထိုင်ဖုန်းအတွက် စာချုပ်, ချုပ်ထားသည့်ဖုန်းကုမ္ပဏီထံသို့အကြောင်းကြားကာ လိပ်စာပြောင်းရွှေ့ခြင်း သို့မဟုတ် စာချုပ်ဖျက်သိမ်းခြင်းများ၏လုပ်ငန်းစဉ်များကို လုပ်ဆောင်ရပါမည်။
● အင်တာနက်အတွက် စာချုပ်, ချုပ်ထားသည့်ဝန်ဆောင်မှုကုမ္ပဏီထံသို့ လိပ်စာပြောင်းရွှေ့ခြင်း သို့မဟုတ် စာချုပ်ဖျက်သိမ်းခြင်းများအကြောင်းကြားရပါမည်။

# J15

## 5 鍵の返還・明け渡し

- 部屋を明け渡すときに、鍵を返還します。
- **原状回復**とは、部屋の中であなたが壊したり、傷つけたりした所を修繕し、明け渡すようにするという意味です。**不動産店**や家主立会いのうえ、部屋・設備等の状況を入居時と比較して、**原状回復**がどの程度必要か、点検・確認をします。

## 6 敷金の精算

- 退去後、敷金は原則として返還されます。ただし、**原状回復費用**や、部屋に残した物の処理費用等がかかった場合は、敷金から差し引かれます。もしも**原状回復**等の費用が敷金を上回る場合は、不足分を支払わなければいけません。

Japanese



# M15

## 4 ပစ္စည်းများပို့ဆောင်ခြင်းအတွက်လုပ်ဆောင်ရန်များ

- စာတိုက်တွင် ပို့ဆောင်လာသည့်ပစ္စည်းများအား တစ်ဆင့်ပို့ဆောင်ခြင်းအတွက်လုပ်ငန်းစဉ်များကိုလုပ်ဆောင်ရပါမည်။ ထိုကဲ့သို့ပြုလုပ်ပါက ပြောင်းရွှေ့ပြီးသည့်အချိန်တွင် အရင်လိပ်စာသို့ပစ္စည်းများ ပို့ဆောင်လာပါက ကန့်သတ်ကာလတစ်ခုအတွင်းတွင် လိပ်စာအသစ်တွင် လက်ခံရယူနိုင်ပါသည်။ (ဂျပန်ပြည်တွင်းဖြစ်ပါက)

## 5 သော့ပြန်ပေးခြင်း・အလုံးစုံပြန်အပ်ခြင်း

- အခန်းအားအလုံးစုံပြန်အပ်သည့်အချိန်တွင် သော့ကိုပြန်ပေးပါမည်။
- **ပြန်လည်ပြုပြင်ခြင်း**ဆိုသည်မှာ အခန်းအတွင်းတွင် သင့်ကြောင့် ပျက်စီးထားသောအရာများ၊ ဒဏ်ရာဒဏ်ချက်များရှိသည့်နေရာများကို ပြန်လည်ပြုပြင်ပြီး၊ အလုံးစုံပြန်အပ်ရန် ပြုလုပ်ခြင်းဟူသည့်အဓိပ္ပါယ်ဖြစ်ပါသည်။ **အိမ်ခြံမြေအကျိုးတော်ဆောင်သည့်ဆိုင်** နှင့် အိမ်ရှင်ရှေ့မှောက်တွင် အခန်း・ပစ္စည်းကိရိယာများစသည်တို့၏ အခြေအနေများ ကို နေထိုင်သည့်အချိန်နှင့်နှိုင်းယှဉ်ကာ **ပြန်လည်ပြုပြင်ခြင်း**လုပ်ငန်းစဉ် မည်သည့်ပမာဏလိုအပ်သည်ကို စစ်ဆေး・အတည်ပြုပါမည်။

## 6 ထိန်းသိမ်းခ၏တွက်ချက်ပုံ

- ထွက်ခွာပြီးနောက် စည်းမျဉ်းစည်းကမ်းအရ ထိန်းသိမ်းခအား ပြန်လည်ပေးအပ်ခံရပါမည်။သို့ရာတွင် **ပြန်လည်ပြုပြင်ထိန်းသိမ်းမှုကုန်ကျစားရိတ်** နှင့် အခန်းတွင်ကျန်ရစ်ခဲ့သည့်ပစ္စည်းများ၏ ဖယ်ရှားရှင်းလင်းရန်ကုန်ကျစားရိတ်စသည်တို့ ကျသင့် ခဲ့ပါက ထိန်းသိမ်းခမှ နုတ်ခံရပါမည်။ အကယ်၍ **ပြန်လည်ပြုပြင်ထိန်းသိမ်းမှု**စသည့် ကုန်ကျစားရိတ်များသည် ထိန်းသိမ်းခထက်ကျော်လွန်နေပါက လိုသည့်ပမာဏကို ပေးချေပေးရမည်။

Myanmar

# J16

## 6 部屋を借りるときに知っておきたい不動産用語

（あいうえお順）

**[ 解約予告 ]**

契約期間の途中で解約する場合には、家主や不動産店に解約することを事前に（契約書に従って通常解約の１～２ヶ月前までに）書面で申入れをする必要があります。

**[ 共益費（管理費）]**

階段や廊下など入居者が共同で使う部分の電気代や清掃代、エレベーターなどの設備代に当てるお金です。日本では、家賃とは別に共益費（または管理費）を支払います。毎月、月末までに翌月分を家賃と一緒に支払うことが一般的です。

**[ 原状回復 ]**

あなたの故意・過失や不注意によって、部屋を損傷したり、汚したりした場合には、その損害を元の状態に戻すために、必要な費用を負担しなければなりません。その費用を原状回復費といい、退去時に、敷金から差し引かれます。部屋は、きれいに使うように心がけましょう。

**[ 更新料 ]**

契約を継続する場合、契約更新の対価として借主から家主に支払われるお金で、特約で定められることがあります。なお、契約期間は通常２年間です。

**[ 敷金（保証金）]**

敷金とは、家賃の不払いや、明け渡すときに部屋の修理が必要な場合に備えて、契約するときに家主に預けておくお金のことです。家賃の１～２ヶ月分程度が目安です。部屋を明け渡すときに精算し、残ったお金は返還されます。地域により、敷金のことを保証金と言うこともあります。



# M16

## 6 အခန်းငှားသည့်အချိန်တွင် သိထားသင့်သည့် အိမ်ခြံမြေအကျိုးတော်ဆောင်သုံး အခေါ်အဝေါ်များ

**[စာချုပ်ဖျက်ခြင်းအကြောင်းကြားမှု]**

စာချုပ်ကာလမပြည့်မီ တစ်ဝက်တစ်ပျက်တွင် စာချုပ်ဖျက်မည်ဆိုပါက အိမ်ရှင်နှင့်အိမ်ခြံမြေ အကျိုးတော်ဆောင်သည့်ဆိုင်ထံသို့ စာချုပ်ဖျက်မည့်အကြောင်းကိုကြိုတင်ကာ (စာချုပ်ပေါ်မူတည်ပြီး ပုံမှန်အားဖြင့် စာချုပ်ဖျက်သိမ်းကာလ၏ 1-2လမတိုင်ခင်တွင်) စာရွက်စာတမ်းများဖြင့် လျှောက်ထားရန်လိုအပ်ပါသည်။

**[အထွေထွေဘုံစားရိတ်များ (ထိန်းသိမ်းအုပ်ချုပ်ခ)]**

လှေကားများနှင့်စင်္ကြံများစသောနေထိုင်သူများအတူတကွအသုံးပြုကြသည့်အပိုင်း၏လျှပ်စစ်မီးနှင့်သန့်ရှင်းရေးခ၊ ဓာတ်လှေကားစသည်တို့၏ အသုံးပြုခ ဖြစ်ပါသည်။ ဂျပန်တွင် အိမ်လခအပြင် သီးသန့်အထွေထွေဘုံစားရိတ်များ (သို့မဟုတ် ထိန်းသိမ်းခ) ကို ပေးချေရပါသည်။ လစဉ် လကုန်ရက်ထက်နောက်မကျဘဲ နောက်လ၏ အိမ်လခနှင့်အတူပေးချေရသည်မှာ ပုံမှန်ဖြစ်ပါသည်။

**[ပြန်လည်ပြုပြင်ခြင်း]**

သင်၏အပြုအမူ・မတော်တဆထိခိုက်မှုနှင့်သတိမထားမိမှုတို့ကြောင့် အခန်းအား ဒဏ်ရာဒဏ်ချက်များဖြစ်စေခြင်း၊ ပေရေစေခြင်းများဖြစ်ပါက ထိုဆုံးရှုံးမှုကိုနဂိုမူလအခြေအနေသို့ပြန်လည်ရောက်စေရန်အတွက်လိုအပ်သောကုန်ကျစားရိတ်များကို တာဝန်မယူလို့မရပါ။ ထိုစားရိတ်ကို ပြန်လည်ပြုပြင်ခြင်းအတွက်ကုန်ကျစားရိတ်ဟုခေါ်ကာ ထွက်ခွာသည့်အချိန်တွင် ထိန်းသိမ်းခထဲမှနုတ်ယူခံရ ပါမည်။ အခန်းကိုသန့်ရှင်းစွာအသုံးပြုရန် သတိထားကြရအောင်။

**[သက်တမ်းတိုးခ]**

စာချုပ်, ချုပ်ခြင်းကို ဆက်လက်လုပ်ဆောင်မည်ဆိုပါက စာချုပ်သက်တမ်းတိုးကြေးအနေနှင့်အိမ်ရှင်ထံသို့ပေးချေရမည့်ပိုက်ဆံဖြစ်ပြီးအထူးစာချုပ်ဖြင့်သတ်မှတ်ခံရခြင်းများလည်းရှိမည်။ ထို့အပြင် စာချုပ်ကာလသည် ပုံမှန်အားဖြင့်2နှစ်ကြာ ဖြစ်ပါသည်။

**[ထိန်းသိမ်းခ (အာမခံကြေး)]**

ထိန်းသိမ်းခဆိုသည်မှာ အိမ်လခမပေးချေချိန်နှင့် အခန်းပြန်အပ်သည့်အချိန်တွင် ပြန်လည်ပြင်ဆင်ရန်လိုအပ်မည့်အရာများအတွက် ကြိုတင်တွက်ဆပြီး စာချုပ်, ချုပ်သည့်အချိန်တွင် အိမ်ရှင်ထံသို့ပေးထားရ သောငွေဖြစ်ပါသည်။ အိမ်လခ၏1-2လစာခန့်က ပုံမှန်ဖြစ်ပါသည်။ အခန်းအား ပြန်အပ်ချိန်တွင် တွက်ချက်ကာ ကျန်ရှိသည့်ပိုက်ဆံကို ပြန်ပေးမည်ဖြစ်သည်။ ဒေသပေါ်မူတည်ကာ ထိန်းသိမ်းခအား အာမခံကြေးဟုခေါ်ဝေါ်ခြင်းလည်း ရှိပါသည်။

# J17

Japanese

**[ 敷引き ]**

敷引きは、部屋を明け渡すときに、敷金や保証金から差し引かれて返還されない金額をあらかじめ決めておく契約の方法です。東海地方や関西地方、九州に多くみられます。

**[ 重要事項説明 ]**

不動産店が媒介するとき、契約締結の前に、不動産店が借主（予定者）に対して説明を行い、重要事項説明書を交付します。

設備の状況や敷金の取扱等、大切なことが説明されますので、よく聞き、分からないことは質問しましょう。

**[ 損害保険料（火災保険）]**

契約するときは火災や水漏れに対応する損害保険に加入することが一般的です。

**[ 定期賃貸借契約 ]**

定期賃貸借契約は、契約期間の満了により、更新されることなく確定的に契約が終了する賃貸借契約のことです。なお、借主と家主の合意があれば、再契約できます。

**[ 同居者 ]**

借りる部屋に同居者がいる場合は、契約時に家主に届け出をする必要があります。届け出のない人を無断で同居させると、退去させられる場合があります。

**[ 媒介手数料 ]**

不動産店に手数料として支払うお金で、家賃１ヶ月分以内と決められています。

**[ 普通賃貸借契約 ]**

普通賃貸借契約は、日本では一般的な賃貸借契約の形式です。契約期間が過ぎても、正当な理由がない限り、家主から契約更新を断ることはできません。つまり、更新の合意が整わなかったときも、契約は自動的に更新されます。



# M17

Myanmar

**[ထိန်းသိမ်းခနှုတ်ခြင်း]**

ထိန်းသိမ်းခနှုတ်ခြင်းသည် အခန်းအားအလုံးစုံပေးအပ်သည့်အချိန်တွင် ထိန်းသိမ်းခနှင့် အာမခံကြေးမှနုတ်ယူကာ ပြန်လည်ပေးအပ်ခြင်းမရှိသောငွေပမာ ဏကို ကြိုတင်ဆုံးဖြတ်ထားသည့် စာချုပ်, ချုပ်နည်းဖြစ်ပါသည်။ အရှေ့ဘက်ပိုင်းဒေသနှင့် အနောက်ဘက်ပိုင်းဒေသ၊ ကျူးရှူးတွင် အများဆုံးမြင်တွေ့ ရမည်ဖြစ်ပါသည်။

**[အရေးကြီးသောအကြောင်းအရာများရှင်းပြချက်]**

အိမ်ခြံမြေအကျိုးတော်ဆောင်သည့်ဆိုင်မှ မိတ်ဆက်ပေးသည့်အချိန်တွင် စာချုပ်မချုပ်မီ ထိုဆိုင်မှ အိမ်ငှားမည့်သူ (ငှားရန်စီစဉ်ထားသူ) အား ရှင်းလင်းပြပြီး အရေးကြီးသောအကြောင်း အရာများရှင်းပြချက်များပါသည့်စာရွက်ကို ထုတ်ပေးပါမည်။

ပစ္စည်းကိရိယာများတပ်ဆင်ထားသည့်အခြေအနေနှင့် ထိန်းသိမ်းခလက်ခံရယူခြင်း စသဖြင့် အရေးကြီးသောကိစ္စရပ်များကို ရှင်းပြပေးမည်ဖြစ်ပါသဖြင့် သေချာစွာနားထောင်ကာနားမလည်သောအကြောင်းအရာများကို မေးမြန်းကြရအောင်။

**[ပျက်စီးဆုံးရှုံးမှုအာမခံကြေး (မီးအာမခံ)]**

စာချုပ်, ချုပ်ဆိုသည့်အချိန်တွင် မီးဘေးနှင့် ရေပြည့်ရေလျှံခြင်းတို့အပေါ် သက်ရောက် သည့် ပျက်စီးဆုံးရှုံးမှုအာမခံထည့်ထားခြင်းသည်ပုံမှန်ဖြစ်ပါသည်။

**[ကာလတိုအိမ်ယာငှားရမ်းခြင်းစာချုပ်, ချုပ်ခြင်း]**

ကာလတိုအိမ်ရာငှားရမ်းခြင်းစာချုပ်, ချုပ်ခြင်းသည် စာချုပ်ကာလပြည့်သွားချိန်တွင် သက်တမ်းတိုးခြင်းမရှိဘဲ သတ်မှတ်ထားသည့်စာချုပ်ပြီးဆုံးသွားသည့် အိမ်ရာငှားရမ်းခြင်းစာချုပ်ပင်ဖြစ်ပါသည်။ အိမ်ငှားနှင့်အိမ်ရှင်တို့၏ သဘော တူညီမှုရရှိပါက စာချုပ်ပြန်လည်ချုပ်ဆိုလို့ ရနိုင်ပါသည်။

**[အတူတကွနေထိုင်မည့်သူ]**

ငှားမည့်အခန်းတွင် အတူနေသူရှိပါက စာချုပ်, ချုပ်သည့်အချိန် အိမ်ရှင်ထံသို့ အကြောင်းကြားထားရန်လိုအပ်ပါသည်။ အကြောင်းမကြားထားသည့်သူအား ခွင့်ပြုချက်မရှိဘဲ အတူတကွနေထိုင်ပါက ထွက်ခွာခိုင်းသည့်ကိစ္စရပ်များရှိပါသည်။

**[ပွဲစားခ]**

အိမ်ခြံမြေအကျိုးတော်ဆောင်သည့်ဆိုင်ထံသို့ ကော်မရှင်ခအနေဖြင့် ပေးချေရမည့် ငွေဖြစ်ပြီး အိမ်လခတစ်လစာအတွင်းဟု သတ်မှတ်ထားပါသည်။

**[ပုံမှန်အိမ်ရာငှားရမ်းခြင်းစာချုပ်, ချုပ်ခြင်း]**

ပုံမှန်အိမ်ရာငှားရမ်းခြင်းစာချုပ်, ချုပ်ခြင်းသည် ဂျပန်တွင်ယေဘုယျကျသောအိမ်ယာငှားရမ်းခြင်းစာချုပ်ပုံစံဖြစ်ပါသည်။ စာချုပ်ကာလကျော်လွန်သော်လည်း ခိုင်လုံသော အကြောင်းပြချက်မရှိပါက အိမ်ရှင်မှစာချုပ်သက်တမ်းတိုးခြင်းကို ငြင်းပယ်လို့မရပါ။ တနည်းအားဖြင့် စာချုပ်သက်တမ်းတိုးခြင်း၏သဘောတူညီမှုကို အဆင်သင့်မဖြစ်ခဲ့ လျှင်တောင်မှ စာချုပ်သည်အလိုအလျောက် သက်တမ်းတိုးမည်ဖြစ်ပါသည်။

# J18

### [ 不動産店 ]

賃貸住宅の媒介や不動産の売買などを行う店のことです。

### [ 申込金 ]

契約の予約をするときに、不動産店へお金を預ける場合があります。契約が成立しない場合に、申込金が戻ってくるのかを確認しましょう。

### [ 家賃（賃料）]

部屋を借りるための料金で、毎月、月末までに翌月分を支払うことが一般的です。月の途中で入居・退去する場合は原則、日割り計算になります。

### [ 家賃債務保証会社 ]

家賃債務保証会社とは、家賃の不払いなどがあったときに、家主に対してあなたの払えなかったお金を保証する会社のことです。利用する場合は、あなたが一定額の保証料（2 年分の保証料として一括前払いで家賃 1 ヶ月分の 30 ～ 60%くらいが多い）を保証会社に支払う必要があります。ただし、これは保険ではありません。保証会社は、代わりに支払ったお金を、後であなたに請求します。入居申込みの際に、利用を求められることがあります。

### [ 礼金 ]

契約時に家主に支払うお金です。礼金は、関東地方等に多く家賃の 1 ～ 2 ヶ月分が目安です。礼金は返還されません。最近は、礼金なしで入居できる部屋もあります。

### [ 連帯保証人 ]

家賃の不払いや、部屋を明け渡すときの修理費用を払えなくなったとき、あなたの代わりにそのお金を支払う人のことです。連帯保証人には、一定以上の収入が求められます。入居申込みの際に求められる場合があります。



# M18

### [အိမ်ခြံမြေအကျိုးတော်ဆောင်သည့်ဆိုင်]

အငှားအိမ်ယာမိတ်ဆက်ပေးခြင်းနှင့် အိမ်ခြံမြေ ရောင်းဝယ်ခြင်းကိုပြုလုပ်သောဆိုင်ဖြစ်ပါသည်။

### [လျှောက်လွှာကြေး]

စာချုပ်, ချုပ်ရန် ကြိုတင်စာရင်းသွင်းခြင်းကိုပြုလုပ်သည့်အချိန်တွင် အိမ်ခြံမြေအကျိုးတော်ဆောင်သည့်ဆိုင်သို့ ပိုက်ဆံပေးထားရသည့်အခြေအနေမျိုးရှိပါသည်။ စာချုပ်, ချုပ်ခြင်းမဖြစ်မြောက်ခဲ့ပါက လျှောက်လွှာကြေးပြန်ပေးမပေးကိုအတည်ပြုကြရအောင်။

### [အိမ်လခ]

အခန်းကိုငှားရန်အတွက် ကျသင့်ငွေဖြစ်ကာ လစဉ်လကုန်မတိုင်ခင်တွင်နောက်လစာကိုပေးချေခြင်းက ပုံမှန်ဖြစ်ပါသည်။ လ၏တစ်ဝက်တစ်ပျက်တွင်နေထိုင်ခြင်း, ထွက်ခွာခြင်းများပြုလုပ်ပါက အခြေခံအားဖြင့် ရက်တွက်, တွက်ခြင်းပြုလုပ်ပါမည်။

### [အိမ်ခြံမြေငှားရမ်းခြင်းဆိုင်ရာအာမခံကုမ္ပဏီ]

အိမ်ခြံမြေငှားရမ်းခြင်းဆိုင်ရာအာမခံကုမ္ပဏီဆိုသည်မှာ အိမ်လခမပေးချေခြင်းစသည်တို့ဖြစ်ပေါ်ခဲ့ပါက အိမ်ရှင်အားသင်မပေးချေနိုင်ခဲ့သောပိုက်ဆံကို ကိုယ်စားအာမခံပေးသည့် ကုမ္ပဏီကို ဆိုလိုပါသည်။ အသုံးပြုမည်ဆိုပါကသတ်မှတ်ထားသောကိုယ်စားအာမခံကြေးနှုန်းထား (၂နှစ်စာကိုယ်စားအာမခံပေးခအဖြစ် တစ်ကြိမ်တည်း ကြိုတင်ရှင်းပေးရပြီး အိမ်လခ1လစာ၏ 30-60%ခန့်ကအများဆုံး) ကို အာမခံကုမ္ပဏီထံသို့ပေးချေရန်လိုအပ်ပါသည်။ သို့ရာတွင် ထိုငွေကြေးသည် အာမခံငွေကြေးမဟုတ်ပါ။အာမခံကုမ္ပဏီသည် သင်၏ကိုယ်စားပေးချေထားသောငွေကို သင့်ထံတောင်းခံပါလိမ့်မည်။ နေထိုင်မှုလျှောက်ထားသည့်အချိန်တွင် အာမခံကုမ္ပဏီကိုအသုံးပြုရန်တောင်းဆိုခံရခြင်းများ ရှိပါသည်။

### [ကျေးဇူးတင်ခ]

စာချုပ်, ချုပ်သည့်အချိန်တွင် အိမ်ရှင်ထံသို့ပေးချေရသည့်ငွေ ဖြစ်ပါသည်။ ကျေးဇူးတင်ခသည် အရှေ့ဘက်ပိုင်းဒေသစသည်တို့တွင်အရှိများပြီး အိမ်လခ၏1-2လစာက ပုံမှန်ဖြစ်ပါသည်။ ကျေးဇူးတင်ခသည် ပြန်မရတတ်ပါ။ ယနေ့ခေတ်တွင် ကျေးဇူးတင်ခမရှိဘဲ နေထိုင်နိုင်သည့်အခန်းများလည်း ရှိပါသည်။

### [အာမခံသည့်ပုဂ္ဂိုလ်]

အိမ်လခမပေးချေခြင်းနှင့် အခန်းပြန်အပ်ချိန်တွင် ပြင်ဆင်စားရိတ်များကို မရှင်းပေးနိုင်ခဲ့ပါက သင့်အစားထိုပိုက်ဆံကိုရှင်းပေးရမည့်သူ ဖြစ်ပါသည်။ အာမခံသည့်ပုဂ္ဂိုလ်၏ဝင်ငွေသည်သတ်မှတ်ထားသည့် ပမာဏတစ်ခု၏အထက်ရှိနေရမည်ဟုသတ်မှတ်ခြင်းများရှိသည်။ နေထိုင်မှုလျှောက်ထားသည့်အချိန်တွင် မေးလာနိုင်ပါသည်။

## 部屋を借りるときに役立つ情報



### 外国人の住まいに関する支援

**①一般財団法人自治体国際化協会**

**[ 多言語生活情報ホームページ ]**

日本語、英語、中国語、韓国・朝鮮語、ドイツ語、フランス語、スペイン語、ポルトガル語、タガログ語、ベトナム語、インドネシア語、タイ語、ロシア語、ミャンマー語で、部屋を借りる時に必要な情報提供をしています。

**http://www.clair.or.jp/tagengo/**

**②特定非営利活動法人かながわ外国人すまいサポートセンター**

外国人のために、英語、中国語、韓国・朝鮮語、スペイン語、ポルトガル語で住宅に関するさまざまな相談や通訳に応じてくれます。部屋探しの支援もしています。

**☎ 045-228-1752**

**http://www.sumasen.com/**

**③埼玉県県民生活部国際課**

**[ あんしん賃貸住まいサポート店制度 ]**

「あんしん賃貸住まいサポート店」として県に登録された不動産店が、外国人の住まい探しに協力します。同サポート店のリストはホームページで情報提供しています。

**☎ 048-830-2705**

**http://www.pref.saitama.lg.jp/a0306/documents/201503anshinlistnihongo.pdf**

**④地方自治体や国際交流協会の「外国人相談」**

住宅の相談にも応じるので問い合わせてください。





## အခန်းအားငှားသည့်အချိန်တွင် အသုံးဝင်စေမည့်သတင်းအချက်အလက်များ



### နိုင်ငံခြားသားများနေထိုင်ခြင်းနှင့်သတ်ဆိုင်သော ထောက်ပံ့မှုများ

**① အထွေထွေဖောင်ဒေးရှင်းအဖွဲ့အစည်းအပြည်ပြည်ဆိုင်ရာအစည်းအရုံး**

ဘာသာရပ်ပေါင်းစုံဖြင့်ဖော်ပြထားသော နေထိုင်မှုဆိုင်ရာသတင်းအချက်အလက်များသတင်းစာမျက်နှာ
ဂျပန်ဘာသာ၊ အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာ၊
ကိုရီးယားဘာသာ・ကိုရီးယားကျွန်းဆွယ်ဒေသဘာသာ၊
ဂျာမန်ဘာသာ၊ ပြင်သစ်ဘာသာ၊ စပိန်ဘာသာ၊
ပေါ်တူဂီဘာသာ၊ တာ့ဂလော့ဘာသာ၊ ဗီယက်နမ်ဘာသာ၊
အင်ဒိုနီးရှားဘာသာ၊ ထိုင်း ဘာသာ၊ ရုရှားဘာသာ၊
မြန်မာဘာသာတို့ဖြင့် အခန်းငှားသည့်အချိန်တွင် လိုအပ်သောသတင်းအချက်အလက်များကို တင်ပြထားပါသည်။

**http://www.clair.or.jp/tagengo/**

**② အကျိုးအမြတ်မယူသောခါနာ့ဂါ့ဝါ့ နိုင်ငံခြားသားနေထိုင်သူများထောက်ပံ့ရေးစင်တာ**

နိုင်ငံခြားသားများအတွက် အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာ၊
ကိုရီးယားဘာသာ・ကိုရီးယားကျွန်းဆွယ်ဒေသဘာသာ၊
စပိန်ဘာသာ၊ ပေါ်တူဂီဘာသာတို့ဖြင့် အိမ်ခြံမြေများနှင့်ပတ်သတ်သည့် အမျိုးမျိုးသောညှိနိုင်းဆွေးနွေးမှုများနှင့်ဘာသာပြန်ခြင်းများကိုလုပ်ဆောင်ပေးပါသည်။ အခန်းရှာဖွေခြင်း၏ထောက်ပံ့မှုများလည်း ရှိပါသည်။

**☎045-228-1752**

**http://www.sumasen.com/**

**③ စိုင်းတာ့မာ့ခရိုင်အပိုင်းနိုင်ငံတကာရေးရာဌာနခွဲ**

လုံခြုံစိတ်ချရသောအိမ်ငှားနေထိုင်ခြင်းထောက်ပံ့ရေးဆိုင်စနစ်
「လုံခြုံစိတ်ချရသောအိမ်ငှားနေထိုင်ခြင်းထောက်ပံ့ရေးဆိုင်」အဖြစ် ခရိုင်တွင် မှတ်တမ်းတင်ထားသော **အိမ်ခြံမြေအကျိုးဆောင်သည့်ဆိုင်**သည် နိုင်ငံခြား သားများ၏နေထိုင်ရန်ရှာဖွေခြင်းကို ပူးပေါင်းဆောင်ရွက်ပေးပါမည်။ အလားတူ အထောက်အပံ့ပေးသည့်ဆိုင်များ၏စာရင်းကို သတင်းစာမျက်နှာတွင် သတင်းအချက်အလက်များတင်ထားပါသည်။

**☎048-830-2705**

**http://www.pref.saitama.lg.jp/a0306/documents/201503anshinlistnihongo.pdf**

**④ ဒေသခံအဖွဲ့အစည်းများနှင့်နိုင်ငံတကာဆက်ဆံရေးအသင်း၏「နိုင်ငံခြားသားများတိုင်ပင်ဆွေးနွေးခြင်း」**

နေအိမ်များအတွက်တိုင်ပင်ဆွေးနွေးခြင်းကိုလည်းဆောင်ရွက်ပေးသည့်အတွက် ဆက်သွယ်ပေးပါ။

# J20

## 留学生・就学生の住まいに関する支援

### ①公益財団法人日本国際教育支援協会

**[ 留学生住宅総合補償 ]**

留学生のために、学校関係者が連帯保証人を引き受けやすくなるように支援する制度です。

**☎ 03-5454-5275**

**http://www.jees.or.jp/crifs/index.htm**

### ②千葉県国際交流センター

**[ 外国人学生住居アドバイザー制度 ]**

千葉県の留学生・就学生の部屋探しを支援する<u>**不動産店**</u>を紹介します。また、日本語、英語、中国語、韓国・朝鮮語で、住まいの情報提供をしています。

**☎ 043-297-0245**

**http://www.mcic.or.jp**

### ③公益財団法人日本賃貸住宅管理協会 京都府支部

**[ 物件検索サイト HOUSE navi]**

インターネットにて日本語、英語、中国語、韓国・朝鮮語で京都と地域の部屋探しができます。
また、多言語対応が可能な不動産業者の紹介や住居についての様々な情報提供も行っています。

**☎ 075-211-4774**

**http://housenavi-jpm.com/**



# M20

## ပညာတော်သင်ကျောင်းသားများ・နိုင်ငံခြားသားကျောင်းသားများ၏ နေထိုင်မှုနှင့် ပတ်သတ်သောအထောက်အပံ့များ

### ① ပြည်သူ့ဖောင်ဒေးရှင်းဂျပန်နိုင်ငံတကာပညာရေးထောက်ပံ့သည့်အဖွဲ့အစည်း

**[ပညာတော်သင်ကျောင်းသားများဘက်စုံအိမ်ယာဆုကြေးငွေ]**

ပညာတော်သင်ကျောင်းသားများအတွက် ကျောင်းနှင့်ပတ်သတ်သောသူများက အာမခံပုဂ္ဂိုလ်အဖြစ်ဆောင်ရွက်ပေးရန်အဆင်ပြေလွယ်ကူရန်အတွက် ထောက်ပံ့ပေးသည့်စနစ်ဖြစ်ပါသည်။

**☎03-5454-5275**

**http://www.jees.or.jp/crifs/index.htm**

### ② ချိဘာ့ခရိုင်နိုင်ငံတကာဆက်ဆံရေးစင်တာ

**[နိုင်ငံခြားသားကျောင်းသားများနေထိုင်ရေးအကြံပေးစနစ်]**

ချိဘာ့ခရိုင်ရှိပညာတော်သင်ကျောင်းသားများ・နိုင်ငံခြားသားကျောင်းသားများ၏ အခန်းရှာဖွေခြင်းကို ထောက်ပံ့ပေးသည့် <u>**အိမ်ခြံမြေအကျိုးတော်ဆောင်သည့်ဆိုင်**</u>ကို မိတ်ဆက်ပေးပါမည်။ တစ်ဖန် ဂျပန်ဘာသာ၊ အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာ၊ ကိုရီးယားဘာသာ・ကိုရီးယားကျွန်းဆွယ်ဒေသဘာသာများဖြင့် အခန်းများ၏သတင်း အချက်အလက်များကို တင်ပြပါမည်။

**☎043-297-0245**

http://www.mcic.or.jp/

### ③ ပြည်သူ့ဖောင်ဒေးရှင်းဂျပန်အိမ်ခြံမြေငှားရမ်းခြင်းထိန်းသိမ်းအုပ်ချုပ်မှုအဖွဲ့အစည်း ကျိုတိုမြို့နယ်ရုံးခွဲ

**[အိမ်ခြံမြေရှာဖွေရေးဆိုဒ် HOUSE navi]**

အင်တာနက်တွင် ဂျပန်ဘာသာ၊ အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာ၊ ကိုရီးယားဘာသာ・ကိုရီးယားကျွန်းဆွယ်ဒေသဘာသာများဖြင့် ကျိုတိုနှင့် ဒေသများ၏အခန်းရှာဖွေခြင်းကို လုပ်ဆောင်နိုင်ပါသည်။
တစ်ဖန်ဘာသာစကားပေါင်းစုံဖြင့်ဆောင်ရွက်ပေးနိုင်သောအိမ်ခြံမြေအကျိုးတော်ဆောင်သည့်ကုမ္ပဏီများ မိတ်ဆက်ခြင်းနှင့် နေထိုင်ခြင်းများနှင့်ပတ်သတ်သည့် အမျိုးမျိုးသောသတင်းအချက်အလက်များတင်ပြခြင်းများလည်း လုပ်ဆောင်နေပါသည်။

**☎075-211-4774**

**http://housenavi-jpm.com/**

# J21

## ③ 希望条件チェックシート

この紙を書いてください。お店（不動産店）の人に見せましょう。

**外国人の方が書きます**

あなたはどんな部屋／家に住みたいですか。

| | |
|---|---|
| ① **毎月払うお金（家賃）** | 全部で（　　　　）円［¥］くらい払うことができます。＊日本では、家賃のほかに、共益費や管理費がかかります。 |
| ② **場所・ところ** | ＿＿＿＿駅の近くに住みたいです。<br>駅からの歩いて（　　）分くらいがいいです。 |
| ③ **種類** | □アパート・マンション □家・一戸建て |
| ④ **高さ（1階、2階…）** | □（　）階がいいです。<br>□何階でもいいです。 |
| ⑤ **広さ** | （　　　）㎡くらいがいいです。 |
| ⑥ **部屋の数** | 部屋は（　　）個欲しいです。 |
| ⑦ **部屋のタイプ** | □和室 □洋室 □どちらでもいいです |
| ⑧ **トイレ** | □洋式 □和式 □どちらでもいいです |
| ⑨ **風呂** | □必要です　□なくてもいいです |
| ⑩ **エアコン** | □必要です　□なくてもいいです |
| ⑪ **あなたといっしょに住む人** | （　　）人　□家族　□友人　□その他 |
| ⑫ **債務保証** | □保証会社を使います □連帯保証人がいます |
| ⑬ **期間** | 私は（　　）年（　　）月（　　）日から<br>（　　）年くらい借りたいです。 |
| ⑭ **最初に払うお金（契約時の費用）** | 全部で（　　　　）円［¥］くらい払うことができます。＊日本では、最初に敷金・礼金・手数料などのお金がかかります。 |
| ⑮ **大事な条件** | ①から⑨のうち、（　　　）が一番大事です。（　　）が二番目に大事です。（　　）が三番目に大事です。 |



Japanese

# M21

## ③ မိမိလိုချင်သောအချက်များစစ်ဆေးခြင်းစာရွက်

ဤစာရွက်တွင် ရေးပါ။ ၎င်းကို ဆိုင် (အိမ်ခြံမြေအကျိုးတော်ဆောင်) မှလူအား ပြပါ။

**နိုင်ငံခြားသားများ ရေးသားရပါမည်။**

သင်သည် မည်ကဲ့သို့သောအခန်း/အိမ် တွင်နေထိုင်လိုပါသနည်း။

| | |
|---|---|
| ① လစဉ်ပေးချေရမည့်ငွေ (အိမ်လခ) | စုစုပေါင်း (　　　　) ယန်း [ ¥ ] ခန့်ပေးချေနိုင်ပါသည်။<br>* ဂျပန်တွင် အိမ်လခအပြင် ဘုံသုံးနေရာများအတွက်ကုန်ကျစရိတ်နှင့် ကြီးကြပ်ခများလည်း ကုန်ကျပါမည်။ |
| ② တည်နေရာ၊ နေရာ | ＿＿＿＿ဘူတာအနီးတွင် နေလိုပါသည်။<br>ဘူတာမှလမ်းလျှောက်၍ (　　) မိနစ်ခန့်ဆိုပါက အဆင်ပြေပါသည်။ |
| ③ အမျိုးအစား | □တိုက်ခန်းအိမ်ရာ၊ အဆင့်မြင့်တိုက်ခန်းအိမ်ရာ<br>□နေအိမ်၊ လုံးချင်းအိမ် |
| ④ အမြင့် (1ထပ်၊ 2ထပ်...) | □(　　) ထပ် ဖြစ်ပါက အဆင်ပြေပါသည်။<br>□ဘယ်နှစ်ထပ်ဖြစ်ဖြစ်ရပါသည်။ |
| ⑤ အကျယ်အဝန်း | (　　　) m² ခန့်ဆိုပါက အဆင်ပြေပါသည်။ |
| ⑥ အခန်းအရေအတွက် | အခန်း (　　　) ခန်းလိုချင်ပါသည်။ |
| ⑦ အခန်းအမျိုးအစား | □ဂျပန်စတိုင်အခန်း　□အနောက်တိုင်းစတိုင်အခန်း<br>□ဘယ်ဟာဖြစ်ဖြစ်အဆင်ပြေပါသည် |
| ⑧ အိမ်သာ | □အနောက်တိုင်းစတိုင် ဂျပန်စတိုင်<br>□ဘယ်ဟာဖြစ်ဖြစ်အဆင်ပြေပါသည် |
| ⑨ ရေချိုးခန်း | □လိုအပ်ပါသည်　□မရှိလည်းပဲအဆင်ပြေပါသည် |
| ⑩ လေအေးပေးစက် | □လိုအပ်ပါသည်　□မရှိလည်းပဲအဆင်ပြေပါသည် |
| ⑪ သင်နှင့်အတူနေထိုင်မည့်သူ | (　　) ဦး　□မိသားစု　□မိတ်ဆွေ　□အခြား |
| ⑫ အာမခံ | □အာမခံကုမ္ပဏီကိုအသုံးပြုပါမည်<br>□ပူးတွဲအာမခံသူရှိပါသည် |
| ⑬ ကာလ | ကျွန်ုပ်သည် (　　) နှစ် (　　) လ (　　) ရက် မှ<br>(　　　) နှစ်ခန့် ငှားရမ်းချင်ပါသည်။ |
| ⑭ ကနဦးပေးချေရမည့်ငွေ (စာချုပ်ချုပ်ဆိုသည့်အခါပေးရသည့်ကုန်ကျစရိတ်) | စုစုပေါင်း (　　　　) ယန်း[ ¥ ] ခန့်ပေးချေနိုင်ပါသည်။<br>* ဂျပန်တွင် ကနဦးအနေဖြင့် စပေါ်ငွေ၊ ကျေးဇူးတင်သည့်အနေဖြင့်ပေးသည့်ငွေ၊ ဝန်ဆောင်ခစသည့်ငွေများလည်း ကုန်ကျပါသည်။ |
| ⑮ အရေးကြီးသည့်သတ်မှတ်ချက်များ | ① မှ ⑨ အတွင်း (　　　) သည် အရေးအကြီးဆုံးဖြစ်ပါသည်။ (　　　) သည် ဒုတိယမြောက်အရေးကြီးပါသည်။ (　　　) သည် တတိယမြောက်အရေးကြီးပါသည်။ |



Myanmar

# J22

## 外国人の方が書きます

あなたのことを書いてください。

**①お仕事はなんですか？**

□会社員　□自営業
□学生　□その他（　　　　　）

**②雇用形態はどうですか？**

□正社員　□契約社員　□派遣社員
□パート・アルバイト　□その他（　　　　　）

**③日本語を話すことができますか？どれくらいですか？**

□とても上手です　□少しできます（日常会話程度）
□できません

**④日本語を読むことができますか？どれくらいですか？**

□漢字も大丈夫です　□ひらがなは大丈夫です
□できません

## 不動産店の人が書きます

□この物件情報チラシの中にいい部屋がありますか。あるなら、次は誰か（日本語ができる人）といっしょに来てください。

□もう一度この冊子を、よく読んでください。

□いま、希望の部屋がありません（あなたの条件に合いません）。

□いま、希望の部屋がありません（あなたの条件に合いません）。
__________エリアで（　　　）m²の部屋は（　　　　　）円［¥］くらいかかります。条件をもう一度考えましょう。



# M22

## နိုင်ငံခြားသားများ ရေးသားရပါမည်

သင်၏အကြောင်းကိုရေးသားပါ

① အလုပ်အကိုင်ကဘာပါလဲ။

□ကုမ္ပဏီဝန်ထမ်း　□ကိုယ်ပိုင်လုပ်ငန်း
□ကျောင်းသား　□အခြား (　　　　　)

② အလုပ်ပုံစံကဘယ်လိုပါလဲ။

□အမြဲတမ်းဝန်ထမ်း　□စာချုပ်ဝန်ထမ်း
□စေလွှတ်ဝန်ထမ်း　□Part time ဝန်ထမ်း၊ အချိန်ပိုင်းဝန်ထမ်း　□အခြား

③ ဂျပန်ဘာသာစကားပြောတတ်ပါသလား။
ဘယ်လောက်လောက်ပြောတတ်ပါသလဲ?

□အလွန်ကျွမ်းကျင်စွာပြောတတ်ပါသည်
□အနည်းငယ်ပြောတတ်ပါသည်(နေ့စဥ်စကားပြောအတိုင်းအတာ)
□မပြောတတ်ပါ

④ ဂျပန်ဘာသာစကားကို ဖတ်တတ်ပါသလား။
ဘယ်လောက်လောက်ဖတ်တတ်ပါသလဲ?

□ခန်းဂျီးလည်းဖတ်တတ်ပါသည် □ဟီရဂနဖတ်တတ်ပါသည် □မဖတ်တတ်ပါ

## အိမ်ခြံမြေအကျိုးတော်ဆောင်လူမှ ရေးသားရပါမည်

□ ဤဆောင်းပါးအချက်အလက်လက်ကမ်းစာစောင်ထဲတွင် အဆင်ပြေသည့်အခန်းတွေ့ပါသလား။ တွေ့ပါက တစ်ယောက်ယောက် (ဂျပန်စကားပြောတတ်သူ) နှင့် နောက်တစ်ကြိမ်အတူတူလာခဲ့ပါ။

□ ဒီစာအုပ်ကို နောက်တစ်ကြိမ် သေသေချာချာဖတ်ပေးပါ။

□ ယခု လိုချင်သည့်အခန်းမရှိပါ (သင်၏သတ်မှတ်ချက်နှင့်မကိုင်ညီပါ)။

□ ယခု လိုချင်သည့်အခန်းမရှိပါ (သင်၏သတ်မှတ်ချက်နှင့်မကိုင်ညီပါ)။
__________ဧရိယာဖြစ်ပြီး (　　　) m² အခန်းသည် (　　　　　) ယန်း [¥] ခန့်ကုန်ကျပါမည်။ သတ်မှတ်ချက်ကို နောက်တစ်ကြိမ်ပြန်စဉ်းစားကြည့်ပါ။

Japanese

## 入居審査必要書類チェックシート

下のチェック（☑）を見てください。その書類を出してください。

| | No. | 必要書類 | 書類一覧 |
|---|---|---|---|
| 本人を確認します | ① | ☐ | パスポート |
| | ② | ☐ | 在留カード |
| あなたの仕事／学校を確認します | ③ | ☐ | 勤務証明書 |
| | ④ | ☐ | 在学証明書 |
| | ⑤ | ☐ | 勤労資格証明書 |
| | ⑥ | ☐ | 資格外活動許可書 |
| 収入・給料を確認します | ⑦ | ☐ | 源泉徴収票 |
| | ⑧ | ☐ | 給与明細書 |
| | ⑨ | ☐ | 納税証明書 |
| | ⑩ | ☐ | 前年度の確定申告の写し |
| | ⑪ | ☐ | 給与支払い（予定）の証明書<br>※これから仕事を始める人 |
| | ⑫ | ☐ | 銀行の送金証明書 |
| | ⑬ | ☐ | 奨学金支給証明書 |
| | ⑭ | ☐ | 預貯金の証明（通帳のコピー） |





Myanmar

## နေထိုင်မှုစစ်ဆေးရန်လိုအပ်သောစာရွက်စာတမ်းများစစ်ဆေးခြင်းစာရွက်

အောက်ပါ အမှတ်ခြစ်ထားသည် (☑) များကို ကြည့်ပါ။ ထိုစာရွက်စာတမ်းများကို တင်ပြပေးပါ။

| | No. | လိုအပ်သော စာရွက်စာတမ်းများ | စာရွက်စာတမ်းများစာရင်း |
|---|---|---|---|
| ကာယကံရှင်ဖြစ်ကြောင်း အတည်ပြုပါမည် | ① | ☐ | ပတ်စ်ပို့ |
| | ② | ☐ | နိုင်ငံခြားသားစိစစ်ရေးကဒ်ပြား |
| သင်၏ အလုပ်/ ကျောင်းကို အတည်ပြုပါမည် | ③ | ☐ | အလုပ်ထောက်ခံစာ |
| | ④ | ☐ | ကျောင်းတက်နေကြောင်းထောက်ခံစာ |
| | ⑤ | ☐ | အလုပ်လုပ်နေကြောင်းအထောက်အထား |
| | ⑥ | ☐ | အချိန်ပိုင်းအလုပ်လုပ်ခွင့်ပါမစ် |
| ဝင်ငွေ၊ လစာကို အတည်ပြုပါမည် | ⑦ | ☐ | ဂင်ငွေခွန် |
| | ⑧ | ☐ | လခစာရွက် |
| | ⑨ | ☐ | အခွန်ဆောင်ထားသည့်စာရွက် |
| | ⑩ | ☐ | ယမန်နှစ်ကအခွန်ပြန်အမ်းခြင်းမိတ္တူ |
| | ⑪ | ☐ | လစာပေးချေခြင်း (အစီအစဉ်) ၏အထောက်အထား<br>* အခုမှစပြီးအလုပ်စလုပ်မည့်သူ |
| | ⑫ | ☐ | ငွေလွှဲစာရွက်အထောက်အထား |
| | ⑬ | ☐ | ပညာသင်ဆုကြေးငွေလွှဲစာရွက် |
| | ⑭ | ☐ | ငွေစုခြင်းအထောက်အထား<br>(ဘဏ်စာအုပ်မိတ္တူ) |

# J24

## 入居の約束チェックシート 5

※契約内容に応じ修正の上、利用してください。

| No. | ☑わかりました | 内容 |
|---|---|---|
| **部屋に入るとき、住むとき** | | |
| ① | ☐ | 毎月○○日に次の月のお金を払います。お金は○○円（家賃○○円、○○費○○円）です。 |
| ② | ☐ | 電気、ガス、水道の契約手続きは、自分でします。この契約は家賃だけです。 |
| ③ | ☐ | 靴を脱いで部屋に入ります。 |
| ④ | ☐ | この部屋を他の人に貸しません。 |
| ⑤ | ☐ | 家族、親族や友人などはこの部屋に住みません。 |
| ⑥ | ☐ | ペットなどの動物を飼いません。 |
| ⑦ | ☐ | 燃えるゴミは（　　）曜日、燃えないゴミは第○（　　）曜日、資源ゴミは（　　）曜日に出します。 |
| ⑧ | ☐ | 大きな音は出しません。特に夜○時から朝○時頃までは出しません。 |
| ⑨ | ☐ | 廊下、階段やベランダなどに物を置きません。 |
| ⑩ | ☐ | 部屋は綺麗に使います。また、備付けの設備（○○、○○）は正しく使います。 |
| ⑪ | ☐ | 長期間（○週間以上）部屋に帰らないときは、家を出る前に○○に連絡をします。 |
| **部屋を出るとき（引っ越すとき）** | | |
| ⑫ | ☐ | 引っ越しの○か月前に連絡をします。紙に書いて○○に渡します。 |
| ⑬ | ☐ | 契約終了日（○日）までに引っ越しします。 |
| ⑭ | ☐ | 部屋には何も残しません。ゴミも残しません。 |
| ⑮ | ☐ | 部屋の鍵を○○に返します。 |
| ⑯ | ☐ | 部屋を汚したら、そのお金を敷金（契約時に、家主に預けたお金）から払います。例えば、タバコの汚れやにおいがひどいときは、クロスのお金を払います。 |

以上を守ることを約束します。

日付　　　　年　　　月　　　日

物件名　　　　　　　　号室

名前（サイン）

メールアドレス



# M24

## နေထိုင်မှုကတိပြုခြင်းစစ်ဆေးချက်စာရွက် 5

* စာချုပ်အကြောင်းအရာများပေါ် မူတည်ကာ ပြင်ဆင်ပြီးအသုံးပြုပေးပါ။

| No. | ☑နားလည်ပါပြီ | အကြောင်းအရာ |
|---|---|---|
| **အခန်းသို့ဝင်ရောက်သည့်အချိန်၊ နေသည့်အချိန်** | | |
| ① | ☐ | လစဉ်○○နေ့တွင်နောက်လအတွက်ပိုက်ဆံကိုပေးချေပါမည်။ ပိုက်ဆံသည်○○ယန်း (အိမ်လခ○○ယန်း၊ ○○ကြေး○○ယန်း) ဖြစ်ပါသည်။ |
| ② | ☐ | လျှပ်စစ်မီး၊ ဂက်စ်၊ ရေပိုက်လိုင်းများ၏ စာချုပ်လုပ်ဆောင်ချက်များကို မိမိကိုယ်တိုင်လုပ်ဆောင်ပါမည်။ ဒီစာချုပ်သည် အိမ်လခအတွက်သာလျှင်ဖြစ်ပါသည်။ |
| ③ | ☐ | ဖိနပ်ကိုချွတ်ကာ အခန်းတွင်းသို့ဝင်ပါမည်။ |
| ④ | ☐ | ယခုအခန်းကို အခြားလူများထံသို့မငှားပါ။ |
| ⑤ | ☐ | မိသားစု၊ ဆွေမျိုးများနှင့် မိတ်ဆွေများသည် ဒီအခန်းတွင်မနေပါ။ |
| ⑥ | ☐ | အိမ်မွေးတိရစ္ဆာန်စသည့် တိရစ္ဆာန်များကိုမမွေးပါ။ |
| ⑦ | ☐ | လောင်ကျွမ်းလွယ်သည့်အမှိုက်များသည် (　　　) နေ့၊ မလောင်ကျွမ်းနိုင်သောအမှိုက်များသည် ○ပတ (　　　) နေ့၊ ပြန်လည်ပြုပြင်သုံးစွဲလို့ရသောအမှိုက်များသည (　　　) နေ့တွင်ပစ်ပါမည်။ |
| ⑧ | ☐ | အသံကျယ်ကျယ်မထွက်စေရ။ အထူးသဖြင့်ည ○နာရီမှမနက်○နာရီခန့်အထိအသံကျယ်မထွက်စေရပါ။ |
| ⑨ | ☐ | စင်္ကြံ၊ လှေကားနှင့် ဝရံတာစသည်တို့တွင် ပစ္စည်းများမထားပါ။ |
| ⑩ | ☐ | အခန်းကိုသန့်ရှင်းစွာသုံးပါမည်။တဖန် တပ်ဆင်ထားသောပစ္စည်းကိရိယာများ (○○, ○○) အား မှန်ကန်စွာသုံးပါမည်။ |
| ⑪ | ☐ | ကာလရှည် (○ပတ်ကျော်) အခန်းမပြန်ခဲ့ပါက အိမ်မှမထွက်ခင်○○ထံသို့ အကြောင်းကြားပါမည်။ |
| **အခန်းမှထွက်သည့်အချိန် (အိမ်ပြောင်းရွှေ့သည့်အချိန်)** | | |
| ⑫ | ☐ | အိမ်ပြောင်းရွှေ့သည့်○လမတိုင်ခင်အကြောင်းကြားပါမည်။ စာရွက်တွင်ရေးကာ○○ထံသို့ပေးပါမည်။ |
| ⑬ | ☐ | စာချုပ်ပြည့်သည့်ရက (○ရက်)မတိုင်ခင်အထိအိမ်ပြောင်းရွှေ့ပါမည်။ |
| ⑭ | ☐ | အခန်းထဲတွင် ဘာမှမချန်ထားခဲ့ပါ။ အမှိုက်များလည်း မချန်ထားခဲ့ပါ။ |
| ⑮ | ☐ | အခန်းသော့ကို○○ထံသို့ပြန်အပ်ပါမည်။ |
| ⑯ | ☐ | အခန်းအားညစ်ပတ်စေမိပါက ထိုအတွက်ပိုက်ဆံကိုထိန်းသိမ်းခ (စာချုပ်,ချုပ်သည့်အချိန်တွင် အိမ်ရှင်ထံတွင်အပ်ထားသည့်ပိုက်ဆံ) မှပေးချေပါမည်။ ဥပမာ ဆေးလိပ်များ၏ ညစ်ပေခြင်းများနှင့်အနံ့များကပြင်းထန်နေပါက ပြန်ပြင်ရန်ပိုက်ဆံကိုပေးပါမည်။ |

အထက်ပါအကြောင်းအရာများကို ကတိပြုပါသည်။

**နေ့စွဲ (နှစ်/လ/ရက်) :　　　/　　　/**

**အဆောက်အဦးအမည် :　　　　　　အခန်းနံပါတ် :**

**အမည် (လက်မှတ်) :**

**မေးလ်လိပ်စာ :**



印刷 広島県居住支援協議会 Hiroshima Housing Support Council